www.burmeseclassic.com

မင်းဘူးမျိုးသက်အောင်

# ဘဝဂလွန်ခရီးသို့

## နေ့ချင်းပြန်သွားသူတို့၏

ကိုယ်တွေ့ဇာတ်လမ်းများ



www.burmeseclassic.com

www.burmeseclassic.com

# ဘမလွှန်ခရီးသို့
# နေ့ချင်းပြန်သွားသူတို့၏
# ကိုယ်တွေ့ ဇာတ်လမ်း များ

## မင်းဒေဘူး ညှိုးသက်အောင်

ခင်ပွန်းကိုနိုင်သူ၊ ဝက်သတ်သမား မျောက်မထား သူ ဘုရားသုံးငွေသုံးမိသူ၊ အောက်ကျောင်းကဘိုးဘိုးည ကြောင်၊ ကျောင်းပစ္စည်းခိုးသူ ကြက်တိုက်သူတို့၏ ဘမလွှန် ခရီး ကိုယ်တွေ့များနှင့် လူ့ဘဝအစ ပဋိသန္ဓေတည်ပုံ၊ ဘမလွှန်ဘဝ ပြဿနာ မျောက်ဘဝကလူ ခွေးဘဝကလူ၊ ပုဇွန်ဘဝကလူများစသော လူ့ဝင်စားတို့အကြောင်းပါသည်။

BURMESE CLASSIC .com

ဖြန့်ချိရေး
ဇံလှစာပေတိုက်
အမှတ် ၁၁၀၊ ၂၉-လမ်း ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၀၀၀


| | |
|---|---|
| အမြိုက်နီဗွာန်သို့ တက်လှမ်းနိုင်ကြပါစေ | ၁ |
| ဘီလူးအခေါ်ခံရသည့် ဒေါ်ပန်းရုံ | ၇ |
| ဓါးသာဟန်၏ ကိုယ်တွေ့ ငရဲပြည်ခရီး | ၁၃ |
| ငရဲခွေးအဆွဲခံရသည့် မနု | ၂၀ |
| ရှင်ပြုရန်တိုက်တွန်းတဲ့ ကိုလှထိန် | ၃၄ |
| အောက်ကျောင်းက ဘိုးဘိုးကြောင် | ၃၈ |
| တင်းပုတ်နှင့်အထုခံနေရတဲ့ မြူးကြောင် | ၄၇ |
| သူတော်ချေစ် | ၅၃ |
| တမလွန်ဘဝပြဿနာ | ၆၀ |
| ပဋိသန္ဓေတည်ပုံ | ၈၀ |
| ဘုရားလောင်း၏ ပဋိသန္ဓေတည်ပုံ | ၈၄ |
| သန္ဓေသားကြီးထွားပုံ | ၈၇ |
| သန္ဓေသားအသက်ဝင်ပုံ | ၉၁ |
| တမလွန်ဘဝ ရှိ/မရှိ | ၉၄ |
| ပါဠိစာပေတတ် သုံးနှစ်သမီးကလေး | ၁၀၀ |
| မျောက်ဘဝ/ခွေးဘဝက လူ | ၁၀၁ |
| ဒေါ်နန်းတင်တို့သားအမိ | ၁၀၂ |
| ဗ. က. ဗ လူဝင်စား | ၁၀၃ |
| ပါယာသိမြို့စားနှင့် တမလွန် | ၁၀၄ |


www.burmeseclassic.com

www.burmeseclassic.com

# အမြိုက်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ကြပါစေ

ဤလူ့ပြည်လောကတွင် ကုသိုလ်ကောင်းမှုကို များစွာပြုလုပ် ဒါနကိုမြှုပ်နှံသဖြင့် သေလွန်သောအခါ နတ်ပြည်သို့ သွားရောက်ရမည့် တစ်ဦး တစ်ယောက်သောသူအား လူ့ပြည်၌ တည်ရှိနေဆဲပင် နတ်၏ စည်းစိမ်ဘုံဗိမာန်သည် ကြိုတင်၍ နတ်ပြည်၌ ဖြစ်ပေါ်နိုင်ပါသလားဟု မေးပါက ကြုံကြုံဖန်ဖန် ဘယ်ကဖြစ်နိုင်မလဲဟု ဖြေကောင်း ဖြေကြပေလိမ့်မည်။ လူ့လောကတွင် ဒါနပြုသဖြင့် နတ်ပြည်၌ နတ်ဗိမာန် ပေါက်နေခြင်းသည် အမှန်စင်စစ် ရှိ၏။

အရှင်မောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူရာ တာဝတိံသာနတ်ပြည်၌ ကြီးကျယ် ခမ်းနားသောဘုံဗိမာန်တစ်ခုကို တွေ့ရ၍ နတ်သားတို့ကို ဤဗိမာန်သည် မည်သူ၏ ဘုံဗိမာန် နည်းဟု မေးရာ နတ်သားတို့က ဤဗိမာန်သည် လူတို့ရွာနှံ ဗာရာဏသီပြည်၌နေသောနန္ဒိယသူဌေးသားအတွက် ပေါ် ပေါက်လာသော ဘုံဗိမာန် ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြား၏။ အရှင်မောဂ္ဂလာန်သည် နတ်ပြည်ခရီးမှအပြန် လူ့ပြည်သို့ရောက်သော် ဘုရားရှင်ကို....

'အရှင်မြတ်ဘုရား၊ ပြုအပ်ပြီးသော ကောင်းမှုကုသိုလ်ရှိကုန်သောသူတို့ကား လူ့ပြည်၌ တည်ရှိနေစဉ်ပင်လျှင် နတ်၏စည်းစိမ်သည် ကြို တင်၍နတ်ပြည်၌ ဖြစ်ပေါ်နိုင်ပါသလား ဘုရား' ဟု လျှောက်သော်-

'ချစ်သား မောဂ္ဂလာန်-သင်သည် -နန္ဒိယ၏ နတ်ပြည်၌ဖြစ်သော နတ်စည်းစိမ်ကို သင်ကိုယ်တိုင် မြင်ခဲ့သည် မဟုတ်လော၊ အဘယ်ကြောင့် ငါဘုရားကို မေးလျှောက်၍ နေသနည်း' ဟု မိန့် တော် မူ သျှင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်းပင် နန္ဒိယ၏ဗိမာန်ကို မြင်ခဲ့သည်မှာ မှန်ပါ၏ဘုရား' ဟု ပြန်ကြားလျှောက်ထားလေ၏။

တစ်ဖန် လူ့ပြည်လောက၌ အကုသိုလ် အမှုကို ပြုမိ၍ ထိုမကောင်းမှု အကုသိုလ်ကြောင့် မသေလွန်မီ (ဝါ) တမလွန်ဘဝ မကူးမီ အရှင်လတ်လတ် မကောင်းကျိုး ခံစားရသည်များ ထင်ရှား ရှိပါသလား မေးလာပြန်သော် ထင်ရှားရှိ၏ဟုဖြေရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်-

အထက်၌ ဖော်ပြခဲ့သော နန္ဒိယ၏ဇနီး ရေဝတီသည် နန္ဒိယသူဌေးသား အရပ်တစ်ပါးသို့ ခရီးသွား



သောအခါ၌ အိမ်၌အမြဲပင့်ဖိတ်၍ ပြုစုသောဆင်းရဲသားတို့ကို ပေးကမ်းသော ထမင်းပေါ်ကို ဖြတ်လိုက်၏။ ရဟန်းသံဃာတို့ကိုလည်း ဆန့်ကျင် ပုန်းရည်လောက်သာပေးလှူ၏။ ပြီးတော့ ရဟန်းတော် ဆွမ်းဘုဉ်းပေးသော နေရာ၌ စားကြွင်း ဖြစ်ကုန်သော ထမင်းနှင့်ငါးရိုး၊ အမဲရိုး စားဖတ်အကြွင်းတို့ကို ကြဲဖြန့်၍လူအများကိုခေါ်ပြီး ရဟန်းတို့ လုပ်ပုံကို ကြည့်ကြကုန်လော့၊ သဒ္ဓါတရားရှိသူတို့၏ သဒ္ဓါတရားကို ဖျက်ဆီးပစ်ကြကုန်၏ဟု ပြသကာ မြည်တွန် ဆဲဆိုလေ၏။

နန္ဒိယသူဌေး ပြန်လာသောအခါ ရေဝတီ၏လုပ်ရပ်ကို သိ၍ အိမ်မှနှင်ချလိုက်၏။ နောက်နေ့မှ စ၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို လှူဒါန်း၏။ ဆင်းရဲသားတို့ကိုလည်း ထမင်းစသည် ပေးကမ်းမြဲပေးကမ်းကျွေးမွေး၏။ သူငယ်ချင်းများ လာရောက်၍ ပြန်ပို့သော ရေဝတီကိုကား စားလောက်ဝတ်လောက်ရုံမျှဖြင့် ထားလေ၏။

ရေဝတီသည်ကား ဤ ရဟန်းတို့ကြောင့် ငါ လာဘ်လာဘပဉ္စပြီး ဆုံးယုတ်ရ၏ဟုဆ၍ ရဟန်းတော်တို့ကိုဆဲရေး၏။ ထိုအခါ စေသဝဏ်နှင့်တင်း ကြီးသည် ဘီလူးနှစ်ယောက်ကိုခေါ်၍ ဗာရာဏသီပြည်၌ ဤနေ့မှ ခုနစ်ရက်မြောက်တွင် ရေဝတီကို

www.burmeseclassic.com

www.burmeseclassic.com



အရှင်လတ်လတ်ငရဲသို့ ပစ်ချလေတော့ဟူ၍ ကြွေးကြော်ကြကုန်လော့ဟု စေခိုင်းလိုက်၏။ ဘီလူးတို့လည်း ကြွေးကြော်ကြကုန်၏၊ ထိုကြွေးကြော်သံကို ကြားကုန်သောလူအပေါင်းတို့သည် ထိတ်လန့်ကြကုန်၏။ ထိုအသံကို ကြားသော ရေဝတီသည် ပြာသာဒ်အထက်ထပ်သို့တက်၍ တံခါးပိတ်ကာနေ၏။ ခုနစ်ရက်မြောက်သော နေ့၌ ရေဝတီ၏ အကုသိုလ်ကံသည် တိုက်တွန်း အပ်သည်၏ အဖြစ်ကြောင့် ဝေဿဝဏ်နတ်မင်းကြီးစေခိုင်းအပ်သော ဘီလူးကြီးနှစ်ယောက်တို့သည်အနီးသို့ ကပ်လာ၍ အလွန်ယုတ်မာသော ရေဝတီထလော့၊ ဤသို့အစရှိသောစကားတို့ကို ဆိုကုန်လျက် လက်မောင်းတို့၌ ကိုင်ကုန်၍ ရေဝတီသည် ငိုကြွေးမြည်တမ်းစဉ်ပင် ယာမမင်းကြီး၏ မင်းယောကျ်ားတို့သည် ဥဿဒငရဲ၌ ရေဝတီကို ပစ်ချကြကုန်၏။

ဤဝတ္ထုတို့ကိုထောက်ဆ၍ ကုသိုလ်ကောင်းမှုပြုသောကြောင့် လက်တွေ့ကောင်းကျိုး ခံစားရပုံနှင့် မကောင်းမှု အကုသိုလ် ပြုသောကြောင့် လက်တွေ့ မကောင်းကျိုးခံစားရပုံများကို သိသာနိုင်လေသည်။

ထို့ပြင် ကုသိုလ်ကောင်းမှုကြောင့် ကောင်းကျိုး ခံစားရပုံများကို ဖော်ပြသော ဇာတ်ဝတ္ထုများသည် ပိဋကတ်တော်တို့တွင်အများအပြားရှိပါသည်။ ထိုသို့ ဇာတ်တော်တို့တွင် များသောအားဖြင့် ကောင်းမှု၊



မကောင်းမှု အကျိုးများကို သဗ္ဗညုတဉာဏ်တော် ပိုင်ရှင် ဘုရားသခင် ဟောကြားတော်မူမှ နာကြား သိခွင့်ရခဲ့သည်။ ရဟန္တာအရှင်မြတ်ကြီးတို့ ဟောကြားတော်မူမှ နာကြားသိခွင့်ရခဲ့သည်။ စာရေးသူတို့လည်းထိုပိဋကတ်တော်သုံးပုံနိကာယ်ငါးရပ်တို့မှ ဇာတ်ဝတ္ထုတို့ကိုကျေးဇူးတော်ရှင်သံဃာတော်များက ထုတ်ဖော် ဟောကြားတော်မူသောကြောင့် နာကြားခွင့် ရခဲ့ပါသည်။ ထို့ကြောင့် ပိဋကတ်တို့ကို စောင့်ရှောက်တော်မူသော သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးတရားသည်ကား ဆပ်၍မကုန် အနန္တဂုဏ်တို့ပင်တည်း။

ယခု ဤစာအုပ်၌ပါသော သံဝေဂရဖွယ်ဝတ္ထုတို့သည်ကားထိုသံဝေဂရဖွယ်ဝတ္ထုတို့၌ပါသောဇာတ်ဒကောင်တို့ကိုယ်တိုင် မိမိတို့ ကိုယ်တွေ့ တွေ့ကို ပြန်၍သည် ပြောပြသောကြောင့် သံဝေဂ ရခဲ့ရသည်။ မကောင်းမှု အကုသိုလ်အကျိုးပေးတို့သည် ကြောက်ရွံ့ဖွယ်ကောင်းပုံ၊ ငရဲ၏ အတိဒုက္ခ အလွန်ဆင်းရဲပုံတို့ကို ကြားသိရပေသည်။

ထို့ကြောင့် ကောင်းကျိုးလိုလား လူအများတို့သည် ဤစာအုပ်ကို ဖတ်ပြီး ရှောင်စရာအကုသိုလ်၊ ဆောင်စရာ ကုသိုလ် — ပြီးလျှင်

www.burmeseclassic.com

ရှောင်ရှားသင့်သည်ကို ရှောင်ရှား၍ ဆောင်ထား လိုက်နာသင့်သည်ကို ဆောင်ထား လိုက်နာ ကျင့်သုံးပြီး ဆင်းရဲဒုက္ခ ကင်းဝေးရာ ချမ်းသာ သုခစစ်၊ ချမ်းသာသုခအမှန် အမြိုက်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ကြပါစေ။

မင်းသုဓ-မျိုးသက်အောင်

၂၄-၃-၆၆

ဟ်တော်တို့တွင် မှားမ

# တမလွန်ခရီးသို့ နှေးချင်းပြန်သွားသူတို့၏ ကိုယ်တွေ့ ဇာတ်လမ်းများ

## ဘီလူးအခေါ်ခံရသည့် ဒေါ်ပန်းရုံ

အမေကြီး ဒေါ်ပန်းရုံသည် တစ်ချိန်က ထနောင်းကုန်းရွာတွင် အတော်အတန် ချမ်းသာကြွယ်ဝသည့် လယ်ပိုင်နွားပိုင် အိမ်ကြီးရှင်ခိုင်နှင့် ဖြစ်သည်။ အမေကြီး၏ဘဝသည် အေးချမ်းသာယာသယောင် ရှိခဲ့သည်။ သို့သော် အမေကြီး ဒေါ်ပန်းရုံသည် သားသမီး ရတနာ မထွန်းကားခဲ့သဖြင့် ဘဝ အေးချမ်းသယောင်နှင့် မအေးချမ်းခဲ့ပေ။ အဘကြီး ရှိစဉ်က မသိသာပေမယ့် အဘကြီး လောကကို မျက်ကွယ်ပြုသွားသောအခါ အမေကြီးဒေါ်ပန်းရုံဘဝကား ဆိုးရွားခဲ့လေသည်။

မောင်တော်သူ ကိုစံညွန့်နှင့်အတူ နေရသည်။ ကိုစံညွန့်သည် အစ်မပစ္စည်းကို ထိုင်ဖြုန်းကာ သောက်သောက် စားစားနှင့် ပျော်နေသည်။ သည်လိုနှင့် အမေကြီးဒေါ်ပန်းရုံ၏ ပစ္စည်းများ ကုန်တော့ကာ ယောက်မဒေါ်ခင်ကြင်နှိပ်စက်ဖြင့် ဘဝ အသက်ဆက်နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေကြီး ဒေါ်ပန်းရုံ၏ ပစ္စည်းများ ကုန်သောအခါ ဦးစံညွန့်သည် အမေကြီး ဒေါ်ပန်းရုံကို မကြည်ဖြူတော့ပေ။ ဆူပူတော့သည်၊ နှိပ်စက်တော့သည်။ အမေကြီး ဒေါ်ပန်းရုံသည် မောင်စံညွန့်ကို အလွန်ကြောက်နေတော့သည်။ မောင်ရှိနေလျှင် ထမင်းမစားရဲပေ။ ယောက်မဖြစ်သူ ဒေါ်ခင်မှ ချော့မော့ကျွေးမွေးမှ အနည်းငယ်စားသည်။ ဤသို့ဖြင့် အမေကြီး ဒေါ်ပန်းရုံသည် အာဟာရချို့တဲ့ကာ အိပ်ရာထဲ လဲတော့သည်။ ရောဂါပေါင်းစုံလည်း ဝင်တော့သည်။

မောင်ဦးစံညွန့်အိမ်မှာမရှိသည့်အခါမှာတော့ အိပ်ရာမှ ထကာ ရှာဖွေစားသောက်သည်။ မောင် ပြန်လာသောအခါ အမှာပျက်သည့်ပမာ ဆူတော့သည်။ ရိုက်မောင်း၊ ပုတ်မောင်း ဖြစ်တော့သည်။ အမေကြီး ဒေါ်ပန်းရုံ ကတော့ အိပ်ရာထက်မှာ မျက်လုံးအပြူးသားနှင့် ဦးစံညွန့်ကို ကြည့်ကာ မျက်ရည်တွေသာ ကျနေသည် ဘာမျှပြန်မပြောရဲပေ။ တစ်ခါတစ်ရံ အမေကြီး ဒေါ်ပန်းရုံ စားသောက် နေစဉ် ဦးစံညွန့်နှင့် ဆုံမိသည့်အခါ ဆွဲယူလွှင့်ပစ်ခံရပြီး ဆဲဆို ထုထောင်းတော့သည်။ ဖုတ်ကောင်မကြီးဟုလည်း ဆဲဆိုခံရသည်။ ထိုအခါ အမေကြီး ဒေါ်ပန်းရုံသည် ငိုသည်မှအပ ဘာမှ မတတ်နိုင်ပေ။ ကွယ်လွန်သူ လင်ယောက်ျားကိုသာ အမှတ်ရ၊ သတိရနေတော့သည်။

'ပန်းရုံ၊ နင် ငါမရှိတဲ့အခါ သိမယ်'

မှန်လှပေသည်။ အမေကြီးဒေါ်ပန်းရုံသည် အဘကြီးနှင့် အိမ်ထောင် ကျသည့်အခါက တစ်ဆယ့်ရှစ်နှစ်ခန့် ဖြစ်ပြီး



အဘကြီးမှာ လေးဆယ်ဝန်းကျင်ဖြစ်သည်။ ထို့အတွက် အဘကြီးက အမေကြီး ဒေါ်ပန်းရုံကို အလိုလိုက်သည်။ အမေကြီး ဒေါ်ပန်းရုံကလည်း သူ့မောင် ဦးစံညွန့်ကို ခေါ်ထားသည်။ အဘကြီးအပေါ်မှာ မောင်နှမ နှစ်ယောက်စလုံးက နိုင်ကြသည်။ ထိုအချိန်က အမေကြီး ဒေါ်ပန်းရုံတို့ ကံတချိန်ဟု ဆိုရမည်။

အမေကြီး ဒေါ်ပန်းရုံသည် အဘကြီးကို ချုံးရေကာ ခပ်ခိုင်းသည်။ သူ့အဝတ်၊ မောင် ဦးစံညွန့် အဝတ်ကိုပါ လျှော်ခိုင်းသည်။ တစ်ခါတစ်ရံ ဆဲလိုက် ဆိုလိုက်သေးသည်။ ဆူသည်၊ ဆောင့်သည်။ အဘကြီးခမျာ မျက်ရည်စဝေ့င်းသွန်သည်မှအပ ဘာမျှမတတ်နိုင်ပေ။ အဘကြီးသည် စိတ်အဆင်းရဲကြီး ဆင်းရဲကာ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ အဘကြီး မကျန်းမာလို့လည်း အမေကြီး ဒေါ်ပန်းရုံသည် ပြုစုရမှန်း မသိခဲ့ပေ။ အဘကြီးမှာ ဆာလို့ အစားအစာ တောင်းလျှင်လည်း ဘာလုပ်နိုင်လို့ ဘာတွေစားချင်ရသေးသလဲ၊ မရှိဘူး ကုန်ပြီဟု ဆဲဆဲဆိုဆိုနှင့် ဆောင့်တော့သည်။

သည်လိုနှင့် အဘကြီးသည် ပစ္စည်းရှိပါလျက်နှင့် ဆင်းရဲချို့တဲ့စွာဖြင့် သေဆုံးရတော့သည်။ အမေကြီး ဒေါ်ပန်းရုံကိုတော့ 'ပန်းရုံ နင် ငါမရှိတဲ့အခါ သိမယ်' ဟုသာ ပြောဆိုထားခဲ့သည်။

အမေကြီးဒေါ်ပန်းရုံသည် အဘကြီး၏ 'ပန်းရုံ နင် ငါ မရှိတဲ့အခါ သိမယ်' ဟူသော အသံကိုကြားယောင်ပြီး မျက်ရည် တွေတွေကျနေသည်။ အဘကြီးအပေါ် ထိုးခဲ့ အနိုင်ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မိသည်များ နှောင်တရနေသည်။ အဘကြီး စားရမဲ့မဲ့ သောက်ရမဲ့မဲ့ သေဆုံးသွားသည်ကို မြင်မိသည်။ အခု မိမိမှာ အဘကြီး၏ဝဋ် ကောင်းကောင်းကြီး လည်နေသည်ကိုသိပြီး ယူကျုံးမရဖြစ်ကာ မျက်ရည်ကျနေသည်မှအပ ဘာမျှမတတ်နိုင်တော့ပေ။

တစ်နေ့တွင် အမေကြီး ဒေါ်ပန်းရုံသည် မောင် ဦးစံညွန့် မရှိခိုက် ထမင်းစားနေစဉ် ဦးစံညွန့် ပြန်လာသည်နှင့် တွေ့ရှိပြီး ဦးစံညွန့်က ‘ဖုတ်မကြီး ဘာတွေစားနေတာလဲ၊ ဒါလောက်စတောင်ရှိတာ သေရော့ဟာ’ ဟု ဆိုကာ အနီးရှိ ရေအိုးကွဲတစ်ခုဖြင့် ကောက်ပေါက်လိုက်သဖြင့် ‘အမေ၊ သေပါပြီ’ ဟု တစ်ခွန်းသာ အော်နိုင်ပြီး လဲသွားပါတော့သည်၊ ထိုအချိန်မှစ၍ မေးမရ၊ ခေါ်မရတော့ပေ။ ထမင်းစားပွဲအောက်တွင် စန့်စန့်ကြီး လဲနေတော့သည်။

ထိုအခါ ဦးစံညွန့်က အနီးဝန်းကျင်ကို ဒေါ်ပန်းရုံ ဖုတ်ထွက်သွားပြီဟု ဆိုကာ အသုဘကိစ္စ အရပ်ကိုအပ်လေသည်။ အရပ်မှလည်း အသုဘကို မြေချရန် အကျဉ်းရုံး စီစဉ်ကြသည်၊ ဘုန်းကြီးပင့်ကြသည်၊ အလောင်းပြင်ကြသည်။ ရပ်ရွာထုံးစံအတိုင်း သက်ပျောက်ဆွမ်းသွတ်ကြသည်။

သုံးရက်ထား၍ သင်္ဂြိုဟ်မည့်နေ့တွင်လည်း မြေကျ ဆွမ်းသွတ်ကြသည်၊ ဘုန်းကြီးကြွလာပြီး သီလပေး ရေစက်ချနေစဉ် အလောင်းပြင်ထားသည့် ဒေါ်ပန်းရုံသည် ပေါက်ခနဲ ထထိုင်ကာ ရေပေးပါ၊ ရေပေးပါဟု တောင်းဆိုသဖြင့် ဆွမ်းသွတ်တရားနာနေသူများနှင့် တရားဟော ဘုန်းကြီးပါ



ထ, ပြေးကြသဖြင့် အသုဘအိမ်ပေါ်တွင် ဝုန်းဒိုင်းကြဲသွားကာ ပန်းကန်များကွဲ၊ ရေနွေးအိုးများမှောက် ဖြစ်သွားသည်။ အိမ်ပေါ်မှ ဆင်းပြေးသူပြေး၊ တက်သူတက်နှင့် ရှုပ်ထွေးကုန်တော့သည်။ ထိုအထဲတွင် ဘကြီးဦးစိန်မှ-ဘာမှမကြောက်ကြနဲ့၊ ပန်းရုံသေတာမဟုတ်ဘူး မေ့နေတာပဲ၊ ခုသတိရလာတာဟုပြောကာ လူအားလုံးကို အိမ်ပေါ်တက်ကြရန် ပြောသည်။

အမေကြီး ဒေါ်ပန်းရုံသည် လူအများထဲမှ ယောက်မ ဒေါ်ခင်ကိုခေါ်ပြီး ယောက်ျား ဘယ်လောက်ပဲဆိုးဆိုး မိမိက မဆိုးနှင့်၊ အနိုင်မကျင့်နှင့်၊ ငါ့မှာ ယောက်ျားပေါ် အနိုင်ကျင့် ဆိုးခဲ့လို့ ခု ဘီလူးကြီးလာခေါ်လို့ သွားရတော့မယ်၊ နင့်ကို ငါပြောပြချင်တယ်၊ ဒါပေမယ့် မနေရတော့ဘူး၊ ဟိုမှာ ငါ့ကိုခေါ်နေပြီ၊ လာပါပြီတော့-ဟု ဆိုကာ အမေကြီး ဒေါ်ပန်းရုံသည် ပက်လက်လန်လဲကာ အသက်ထွက်သွားတော့သည်။

ထိုအခါကျမှ လူအများသည် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေပြီး ဒေါ်ပန်းရုံ တကယ်အသက်ထွက် မထွက် စမ်းသပ်ကြကာ တကယ် အသက်ထွက်သွားသည်ဟု သိပြီးမှ မြေကျဆွမ်းသွတ်ရန် စီစဉ်ထားသည်ကို သက်ပျောက်ဆွမ်း မြေကျဆွမ်း ပေါင်းသွတ်ကာ အသုဘကို နေ့ချင်းပြီး ပြီးဆုံးစေပေသည်။

ဒေါ်ခင်သည် ယောက်မကြီး ဒေါ်ပန်းရုံ ပြောသွားသည်ကို နားထဲမှမထွက်ပေ။ ပြီးတော့ ရွာဦးကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဥပုသ်စောင့်သွားစဉ်က ဥပုသ်ဇရပ်တွင် ကိုရင်ကလေးများ ဖတ်ပြသော တရားစာအုပ်ထဲမှ ရတနာသုံးပါးနှင့် လင်သူတော်ကောင်းကြီးအား စော်ကားခဲ့သော နန္ဒိယသူဌေး၏ ဇနီး ရေဝတီကို ဘီလူးကြီးများက အရှင်လတ်လတ် ငရဲဆွဲခေါ်သွားသည်ကို ကြားယောင်၊ မြင်ယောင်မိပေသည်။ ကြောက်မက်ဖွယ် ကောင်းလှပေစွ။

## ဓားသာဟန်၏ ကိုယ်ခတ္တငရဲပြည်ခရီး

ဓားသာဟန်သည် ဓားဘွဲ့ရသူတစ်ဦး ဖြစ်သည်၊ သူဓားဘွဲ့ရခဲ့သည်မှာ သူ ဓားရေးကျွမ်းကျင်လှ၍ မဟုတ်ပါ။ သူ့တစ်ကိုယ်လုံးတွင် ဓားဒဏ်ရာများပြည့်နှက်နေသောကြောင့် ဖြစ်သည်။ အထင်ရှားဆုံးက သူ့မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်နေသော ဓားဒဏ်ရာကြီးက သူ ဓားသာဟန်ဟူသော ဘွဲ့ထူးကို အထောက်အကူပြုပုံရသည်။

ဓားသာဟန်သည် ပွင့်ဖြူမြို့နယ် ပေါက်စုရွာတွင် နေသည်။ နောက် ထနောင်းကုန်းရွာတွင်နေသည်။ သူ့အသက်မွေးဝမ်းကျောင်း အလုပ်က ဝက်သက်သမား ဖြစ်သည်။ သူကိုယ်တိုင်လည်း ဝက်မွေးသည်။ သူများမွေးသည့်ဝက်များကိုလည်း ဝယ်ပြီးတော့သတ်သည်။ ဒေသသုံးအခေါ်အဝေါ်က ဝက်ပေါ်သည်ဟုခေါ်သည်။ ထိုအလုပ်ကို ဓားသာဟန် ကျွမ်းသည်။ မွေးရာပါ အတတ်ပညာတစ်ခုပမာ ကျွမ်းကျင်လှသည်။ ရွာထဲမှ စားသုံးသူများကလည်း ဦး သာဟန် ဝက်သားမှ ကောင်းသည်။ ဦးသာဟန် ဝက်သား ကြိုက်သည်ဟု ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာဟန်ကလည်း တစ်သက်လုံး ဒီအလုပ်ဖြင့် အသက်မွေးခဲ့သော ကျွမ်းကျင်လှသည်။ မည်မျှ နာမည်ကြီးသနည်းဆိုသော် အခြားရွာများမှ သာရေးကိစ္စ၊ နာရေးကိစ္စ ရှိ၍ ဟင်းပေါ်ရာရှိက ဓားသာဟန်ကိုသတိရကြသည်။ မရမက ခေါ်ကြရသည်။ ဓားသာဟန်ကလည်း မငြင်းပေ။ သန်းခေါင်ယံလာခေါ် သန်းခေါင်ယံလိုက်သည်။ လိုက်မှာပေါ့ သူ့အနေနဲ့ ဝမ်းတွင်းသားအစုံနှင့်ဟင်းတစ်တွဲ(တစ်ပိဿာ) ကြိုက်ရာအသားကို ရသည်။ ထို့ကြောင့် ဓားသာဟန်သည် ဟင်းမလုပ်ဖြစ်က သူများအခေါ်ကို စောင့်မျှော် နေလေ့ရှိသည်။

ဤကဲ့သို့သော ဓားသာဟန်တစ်ယောက် ကျောင်းတော်ရာ ဘုရားကြီး ဇရပ်ဘန်းမှာ ပုတီးတစ်ကုံး လည်ပင်းဆွဲလျက် တွေ့နေရသည်မှာ ဆင်တော်နှင့် ခလောက်ပမာ ဖြစ်နေသည်။ ထူးဆန်းလှပေစွ၊ အံ့သြဖွယ်ကောင်းလှပေစွ။

'ဘကြီးသာဟန် ဘုရားရောက်နေတာကိုး'

'အေး...ငါ့တူရ၊ မင်း ရွာကို ရောက်သေးလား'

'ခုရွာကပြန်လာတာ၊ ရွာရောက်တော့ ကျွန်တော်ဘကြီးသာဟန်ကို မေးတော့ ဘုရားမှာဆိုလို့ ကြုံတာနဲ့ ဝင်ခဲ့တာ'

'အေး...တွေ့ရတာပေါ့ကွ၊ ဘာလဲ မင်းက ငါ့ကို ကြည့်နေတာ အံ့သြနေလို့လား''

'ဟုတ်...ဟုတ်တယ် ဘကြီးရ၊ ကျွန်တော် သိခဲ့တဲ့ ဦးသာဟန်နဲ့ ဘကြီးက တခြားစီဖြစ်နေလို့ပါ'

'ဒါပေါ့ကွ၊ အခြေအနေအရ ဖြစ်ရတာပေါ့'



'လုပ်ပါဦးဘကြီးရ၊ ဘကြီး အခြေအနေအရကို ရှင်းပြပါဦး'

'အေး...ငါ့တူက စိတ်ဝင်စားမှု ရှိတော့လဲ ပြောရတာပေါ့၊ ဘကြီးအဖြစ်ကိုလူတိုင်းသိပြီးသားပါ၊ ဒီလိုကွ၊ ဘကြီးရဲ့ အသက်မွေး ဝမ်းကျောင်း အလုပ်က ငါ့တူ သိပြီးသားနော်'

'သိပါတယ် ဘကြီး'

'တစ်နေ့ ငါ့အလုပ်မှာ ဝမ်းတွင်းသားကို ကိုင်နေတုန်းလက်ကို ဓားထိသွားတယ်၊ ငါလဲကွာ ခါတိုင်းလိုပဲ ခပ်ပေါ့ပေါ့ ဝက်သွေးနဲ့ သုတ်ထားလိုက်တယ်၊ ဒီလိုဓားထိတာ ငါ့အလုပ်မှာ မဆန်းဘူးလေကွာ'

'ဟုတ်တာပေါ့ ဘကြီးရ'

'ဒါပေမယ့်မောင်ရင်ရေ ဆန်းတယ်ကွ၊ နှစ်ရက်သုံးရက်လောက်ရှိတော့ ငါ့လက်ကြီး ရောင်ကိုင်းလာတယ်၊ ကိုယ်တွေ ချစ်ချစ်တောက်အောင် ပူလာတယ်၊ ဟိုတိုပြောတော့ ငါအိပ်ရာထဲ လဲတော့တာပဲ၊ မင်းကြီးခေါ် ခေါ်ကြီးတွေးကလဲ သူ့တတ်နိုင်သလောက် လုပ်ပါတယ်၊ ပြုစုပါတယ်၊ ဒါပေမယ့် မရဘူးမောင်ရေ၊ ခြောက်ရက်လောက် ရှိတော့ အခြေအနေက ဆိုးလာတယ်၊ ပြီးတော့ မေ့ခနဲ၊ မေ့ခနဲ ခဏခဏ ဖြစ်တယ်၊ ငါလဲ အတော်သတိထားတယ်၊ အဲဒီအချိန်မှာ ငါ့မျက်စိထဲမှာ ဝက်တွေကို လှံနဲ့လိုက်ထိုး၊ ဓားနဲ့ရင်ကိုခွဲ၊ ရေနွေးပူပူတွေ လောင်း၊ အမွေးတွေ ချွတ်နေတာတွေ

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရတယ်၊ မျက်စိထဲကမျောက်အောင်ဖျောက်တယ် မရဘူး၊ အဲဒါ နှစ်ရက်လောက် အဲဒီအတိုင်းမြင်နေတယ်'

'နောက်ရက်တွေကျတော့ ငါ့ကိုလူတွေက လှံနဲ့ဝိုင်းထိုး၊ ဓားနဲ့ ဝိုင်းခုတ်ကြတယ်၊ ရေနွေးပူနဲ့ ဝိုင်းပက်ကြတယ်'

'အဲဒါနဲ့ ငါကထပြီး- အမယ်လေး ကယ်ကြပါဦး၊ လှံနဲ့ဝိုင်းထိုးလို့၊ ဓားနဲ့ဝိုင်းခုတ်လို့နဲ့ အော်တာပေါ့၊ ငါ အော်တော့ အိမ်နီးနားချင်းတွေ ဝိုင်းလာပြီး မေးကြတယ်၊ ငါကလဲ ငါ့ကို ဓားနဲ့ခုတ် လှံနဲ့ထိုးတဲ့သူတွေကို အိမ်နီးချင်းတွေကို ပြတယ်'

'ကိုမြင့်တို့၊ ကိုကျော်သိန်းတို့ မမြင်ရဘူးပြောတယ်၊ ငါကလဲ တအော်ထဲအော် သူတို့ကိုလဲ ကယ်ပါဦးလို့ ပြောနေကွာ၊ သူတို့မှာလဲ ကောင်းကောင်းမနေကြရပါဘူး'

'နောက်ရက်ကျတော့ မောင်ရင်ရေ၊ ဓားနဲ့ခုတ် လှံနဲ့ထိုးပြီး ဇွတ်တရွတ် ဆွဲခေါ်တော့တာပဲ၊ ငါကလဲ ရုန်းတာပဲ၊ မရဘူး၊ သူတို့က အများဆိုတော့ ငါ့မှာ ကယ်ကြပါဦး၊ ကယ်ကြပါဦးနဲ့ သူတို့နောက် ဒရွတ်တိုက် ပါသွားတယ်'

'သူတို့က ဘယ်ကို ခေါ်သလဲ ဘကြီး'

'အေး...အဲဒါ ဆက်ပြောမယ်၊ ပထမ ကွင်းပြင်ကြီးတစ်ခု ဖြတ်ရတယ်၊ နောက်ကျတော့ တောနက်ကြီးထဲရောက်သွားတယ်၊ ရေကန်ကြီးလို ကန်ကြီးတစ်ကန်နား ရောက်သွားတော့ ငါ့ကို ကန်ဘောင်မှာ ထိုင်ခိုင်းပြီး ကြည့်ခိုင်းတယ်'

'ဘာတွေ တွေ့လဲ ဘကြီး'



'ဟာ...တွေ့တာတော့မပြောနဲ့ မောင်ရင်ရေ၊ ဟထဲက ရေတွေက အခိုးတွေ ထွက်နေတဲ့ ရေပူတွေ၊ ပြီးတော့ လူမည်းကြီးတွေ၊ လူတွေ တစ်ယောက်ပြီးတစ်ယောက် လာပြီးပစ်ချတယ်၊ ပစ်ချခံရတဲ့အထဲမှာ သင်္ကန်းတွေ မီးစွဲနေတဲ့ ဘုန်းကြီးတွေလဲပါလာတယ်ကွ၊ နောက် လူမည်းကြီးတွေက ကန်ဘောင်ပေါ်ကနေ လှံတွေနဲ့ထိုးကြတယ်၊ အော်လိုက်ကြတာ နားကွဲမတတ်ဘဲ၊ ငါလဲ ကြောက်လဲကြောက်၊ ကြည့်ကလဲ ကြည့်ချင်နဲ့ ဒုက္ခကိုရောက်နေတယ်၊ ရေကန်ထဲက အချို့လူတွေကို သိသလိုလိုပဲကွ'

'ကြည့်နေတာ ဘကြီး တစ်ယောက်တည်းလား'

'ဘယ်ဟုတ်မလဲကွ၊ ကန်ဘောင်အပြည့်ပဲ မောင်ရင်ရေ၊ ဘို့ရှာ ဘောလုံးပွဲ ကြည့်နေသလိုပဲ'

'ဟာ...ဒီလိုဆို အတော်များတာပေါ့နော်'

'အေး...များတယ် များတယ်၊ ဒါနဲ့ကွာ နောက်ကျတော့ မိုးမှောင်ကြီး ကျပြီးသွားတယ်၊ ခဏကြာတော့ ပြန် လင်းလာတယ်၊ လင်းလဲသွားရော ခုနက ကန်ဘောင်ကြီးတော လှံထိုးခံနေရတဲ့ လူတွေလဲမရှိတော့ဘူး၊ နောက် ဇာတ်ထဲက နန်းတော်ကြီးလို ပလ္လင်လိုဟာကြီး တွေ့ရတယ်၊ အဲဒီပလ္လင်ပေါ်မှာတော့ ထောင်ထောင် မောင်းမောင်း ရုပ်ဆိုးဆိုး လူကြီးထိုင်နေတယ်၊ အဲဒီလူကြီးက ငါ့ကိုလက်ညှိုးထိုးပြီး...

'မင်းသားတွေ ရှင်ပြုတုန်းက ငါ့ကို အမျှဝေတာလေ ငါအမှတ်ရလို့ ပြန်လွှတ်လိုက်မယ်၊ မင်းမှာ ရေပူကန်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရမယ့် ပြစ်ချက်တွေက များနေတယ်၊ အဲဒီတော့ မင်း ပြန်ပြီး ကောင်းကောင်းနေ၊ ကုသိုလ်လုပ် အမျှဝေ၊ မှတ်ထား ဆိုပြီးတော့ ငါ့ကို ပြန်ပို့ခိုင်းတယ်’

‘ပြန်ပို့တော့ ခေါ်သွားတုန်းကလိုပဲ ဒရုန်းတိုက်ဆွဲခေါ် သလား’

‘မဟုတ်ဘူးကွ၊ ပြန်ပို့တော့ ငါ့ကိုလူမမာတွဲသလိုတွဲခေါ် ပြီး အိမ်နားရောက်တော့ ပြန်တော့ဆိုပြီး တွန်းပစ်လိုက်တယ်၊ ငါလဲ မှောက်ရက်ကြီး လဲကျန်ခဲ့တယ်၊ ငါသတိရလို့ကြည့် လိုက်တော့ ငါ့ဘေးမှာ အိမ်နီးချင်းတွေ ကိုမြင့်တို့၊ ကိုကျော်ယိန်းတို့၊ မချောတို့၊ မတိုင်းတို့နဲ့ ငါ့မိသားစုပဲ ရှိ တယ်ကွ’

‘ဘကြီးဟာက အိပ်မက်လဲ မဟုတ်ဘူးနော်’

‘အိပ်မက်လဲ မဟုတ်ဘူးကွ’

‘အဲသလိုဆို တကယ်မြင်တာပေါ့နော်’

‘အဲဒါလဲ တစ်မျိုးပဲ၊ ငါတစ်ယောက်တည်း မြင်ရတာ၊ ဘေးကလူတွေက မမြင်ကြရဘူးတဲ့၊ ခက်တော့ ခက်တယ်၊ ဘာပြောရမှန်းလဲ မသိဘူး’

‘နောက်တော့ ဘာတွေ ဖြစ်သေးလဲ ဘကြီး’

‘နောက်တော့ ငါ ကျန်းမာလာတယ်၊ လက်မ အနာ ကလဲ အရောင် လျော့လာတယ်၊ တိုတိုပြောတော့ကွာ၊



ငါ နည်းနည်းကောင်းလာတာနဲ့ အိမ်မှာ မနေရဲတော့ဘူး၊ ဘုန်းကြီးကျောင်း ပြေးတော့တာပဲ၊ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မ ဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စတွေပဲ လုပ်ခဲ့တယ်၊ အဲဒါ ရွာမှာ လုပ်ရတာ မအားရလို့ ခု ဘုရားကြီးမှာ လာနေပြီး ကျွေးသူရှိရင်စားမယ်၊ ကျွေးသူမရှိရင် မစားဘူး၊ ဘုရား ကြီး ဝေယျာဝစ္စ လုပ်ရင်းနဲ့ပဲ အသေခံတော့မယ်ဆိုတဲ့စိတ်နဲ့ လာနေတာပဲ မောင်ရင်ရေ’

‘အဲသလိုဆို ဘကြီး ရွာက ထွက်လာတာ ကြာပြီပေါ့’

‘ကြာပြီလေကွာ၊ ခုဆို ငါးနှစ်လောက် ရှိရောပေါ့’

‘ဒီကြားထဲ ဘကြီး အရင်အလုပ်ထဲ စိတ်မရောက် ဘူး လား’

‘ကြောက်သွားပြီကွ၊ မရောက်တော့ဘူး၊ သတ်ဖို့တော့ ပြောနဲ့ သူများ အသက်ပါရင်တောင် မစားရဲလို့ မစား တာ ကြာပြီ’

‘ဟုတ်လား၊ ဒီလိုဆို ဘကြီး သက်သတ်လွတ် စားနေတာ ပေါ့’

‘အေးပေါ့ကွ၊ ငါ့တူတို့လဲ အသက်မွေးဝမ်းကျောင်း အလုပ်ကို ကြည့်လုပ်ပေါ့ကွာ၊ အကုသိုလ်ကင်းတဲ့ အလုပ် လုပ်ကြ၊ ဘကြီးကတော့ ရှည်ရှည်ဝေးဝေးမပြောတတ်ဘူး’

‘ဟုတ်ကဲ့ဘကြီး၊ ကျွန်တော် ပြန်ဦးမယ် ဘကြီး’

‘အေး....အေး’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဓားသာဟန် တစ်ဖြစ်လဲ ကပ္ပိယကြီး ဦးသာဟန်၏ ကိုယ်တွေ့ ငရဲပြည်ပြန် ခရီးကြမ်းကိုတွေးကာ အကုသိုလ် အကျိုးပေးများကို ကြောက်ရွံ့မိတော့သည်။

အကုသိုလ် အကျိုးပေးများ ကြောက်ဖွယ် ကောင်းလှပေစွတကား။

★

## 'ငရဲခွေး အသွဲခံရသည့်နေ့'

မနု....။

မှန်၏။ နာမည်ကတော့ မနု။ သို့သော် လူကတော့ ခပ်ကြမ်းကြမ်းပင်၊ ဒါကြောင့် 'အချို့က လူနှင့် နာမည်က တခြားစီပဲ'ဟု ပြောကြသည်၊ မနုကလည်း မနုပဲလေ။

ရွာထဲမှာ စီခနဲ အသံကြားလိုက်၊ ပြေးမကြည့်နဲ့ တစ်ယောက်က မနု ဖြစ်နေရမည်၊ တစ်ယောက်ကတော့ သိဖို့ မလွယ်ပေ၊ မနုကတော့ တစ်ရွာလုံးနှင့် တစ်ယောက် ဖြစ်သည်။ အချို့ကလည်း မနု၏ နှုတ်ကြမ်းပုံ၊ ကိုယ်ကြမ်းပုံကို ကြောက်ပြီး ရှောင်ကြသည်၊ အတတ်နိုင်ဆုံး မပတ်သက် အောင် နေကြသည်။

အခြားသူတွေက မပတ်သက်အောင်နေလို့ ရသော်လည်း လင်ဖြစ်သူ ကိုပြေငြိမ်းကတော့ မပတ်သက်လို့ မရပေ။ တစ်အိမ်တည်းနေတော့ နေ့စဉ် ပတ်သက်နေရသည်။ နေ့စဉ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲနေရသည်။ စိတ်ဆင်းရဲနေရသည်လည်း မပြောနိုင်၊ မနုနှင့် ကိုပြေငြိမ်းက ဆိုနဲ့ရေ၊ မိုးနဲ့မြေပမာ။

ကြုံမှ ကြုံတတ်သည်၊ ဖြစ်မှ ဖြစ်တတ်သည်။ မနု ကြမ်းသလောက် ကိုပြေငြိမ်းက နုသည်။ မနုရမ်းသလောက် ကိုပြေငြိမ်းက အေးသည်။ ပြီးတော့ ကိုပြေငြိမ်းက အကုသိုလ် ကြောက်သည်၊ မဟုတ်တာ မတရားတာ မလုပ် မပြော၊ မရှိအေးအေး ရှိအေးအေးထဲကပင်။

ဒီတော့ ပေါက်ကျော်မ မနုနှင့် နေ့စဉ်နှင့်အမျှ ပြဿနာတက်ကြသည်။ ပြဿနာတက်တိုင်းလည်း မနုအသံသာ လူကြားရသည်။ ကြားရသည့်အသံကလည်း မအေ နှမ စုံနေသည်။ မောင်နှင့်နှမ၊ သားနှင့်အမိ မကြားဝံ့မနာသာအောင် ဖြစ်သည်။ နောက်ဆုံး ကိုပြေငြိမ်း တစ်ယောက် အိမ်ပေါ်မဆင်းပြေးရတော့သည်။ မနု၏ဆဲသံဆိုသံ ငြိမ်မှ အိမ်ပေါ်ကို ချက်နင်းတက်ရသည်။ ကိုပြေငြိမ်း ဘဝကလည်း အတော်ဆိုးသည်၊ ပင်ပန်းကြီးစွာနှင့် အလုပ်ကပြန်လာလည်း မီးမွှေးချောင်ဝင်၊ အိုးခွက် တိုက်ရသည်၊ ပန်းကန် ဆေးရသည်၊ အဝတ်လျှော်ရသည်။ တစ်ခါတစ်ရံ မနု၏ အဝတ်များပါ လျှော်ရသည်။ နောက်ဆုံး အိပ်သည့် အိပ်ရာတောင်မှ ခင်းရသည်၊ တစ်ခါတစ်ရံ လစ်ဟင်းချို့တဲ့ခဲ့ပါက မနု၏ မေတ္တာပို့သံကြားရတော့သည်။ ရပ်ထဲရွာထဲမှ နားမခံသာအောင် ဖြစ်သည်၊ မနု မည်သို့ပင်ဆိုးဆိုး ကိုပြေငြိမ်းကတော့ သည်းခံသည်၊ ခွင့်လွှတ်သည်၊ ဒါကိုပင် မနုက အခွင့်အရေးယူကာ လူမရေးဖောက်ပြန်မှုတွေ ကျူးလွန်လာသည်။



ကိုပြေငြိမ်း အလုပ်ကလည်း တစ်လမှာ (၁၅)ရက်ခန့် နယ်ထွက်ရသည်။ ဒီတော့ မနုအဖို့ ပြည်တော်သာတော့တာပေါ့၊ ဖြစ်ချင်တိုင်းဖြစ်၊ နေချင်တိုင်းနေသည်။ တယ်ဘုမှ ဂရုစိုက်စရာမလို၊ ကိုပြေငြိမ်း မရှိသည့်အခါ လင်ငယ်ကို အိမ်ပေါ်တောင် တင်ထားလိုက်သည်၊ ပြောင်ပြောင်တွဲလိုက်သည်။

ရပ်ထဲရွာထဲကလည်း မနုပါးစပ်ကိုကြောက်၍ ဘယ်သူမှ မပြောဝံ့ပေ၊ ကိုပြေငြိမ်းကိုလည်း တိတိကျကျသတင်းမပေးရဲပေ။ သို့သော် ကြာတော့လည်း ကိုပြေငြိမ်း မသိချင်ပေမယ့် မကြားချင်ပေမယ့် ကြားရသည်။ ထိုသို့ သိပင်သိ ကြားပင်ကြားသော်လည်း ကိုပြေငြိမ်း တစ်ယောက် ရဲရဲ တင်းတင်း မပြောရဲပေ။

'မနု...မောင်မောင်စိုးနဲ့ နေတာသိုင်တာ ကြည့်နေကွာ' ဟု လောက်သာ ပြောရဲသည်။ ဒါလောက် ပြောတာတောင် မနုက အော်ကြီးဟစ်ကျယ်နှင့် သူနဲ့ မောင်မောင်စိုး ဘာတွေ ဖြစ်နေလို့လဲ၊ ဘယ်သူက ဘာတွေပြောလို့လဲ မည်သို့ဖြင့် လင်ကိုရော ပတ်ဝန်းကျင်ကိုရော ကော်တုတ်တော့သည်။ ပြီးတော့ ကိုပြေငြိမ်းကိုလည်း လက်ခုတ္တ မမြင်ဘဲနှင့် သူပြောတော့ လူပြောယုံပြီး ပြောရပါ့မလား ဆိုပြီး ဆဲလိုက်သည်မှာ မိုးမွှန်သွားသည်၊ နင့်နှမ နင့်အစ်မတွေသာ ဒါမျိုးလုပ်မည်၊ မိနုတို့က ဒါမျိုး ဝါသနာမပါဘူး၊ နင့်တောင် ပြန်အမ်းလိုက်ချင်သေးတယ်ဟု ဟစ်လိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုပြေငြိမ်းတစ်ယောက် ခေါင်းငုံ့ပြီး နေလိုက်ရသည်။ မနုပြောတာ ဟုတ်မှာပါ။ ပတ်ဝန်းကျင်ဆိုတာ မလိုတစ်မျိုး၊ လိုတစ်မျိုး ပြောတတ်တာပဲ၊ မနုကြမ်းတော့ မနာလိုကြလို့ ပြောတာဖြစ်မှာပေါ့၊ ပြီးတော့ မနုလို ခပ်ကြမ်းကြမ်းကို ဘယ်သူက စိတ်ဝင်စားမှာလဲ၊ သူတောင်မှ မသိလို့ယူမိတာ၊ အစကသာသိရင် ဝေးဝေးကရှောင်မှာပေါ့၊ ခုတော့ သားသမီးတွေ ရှိနေပြီသာ စသည်ဖြင့် တွေးတွက်ခဲ့သည်။

ဒီလိုနှင့် ကိုပြေငြိမ်းလည်း ဘာမှမပြောတော့ပေ၊ အလုပ်တာဝန်ကိုသာ အာရုံစိုက်မိတော့သည်။ မနု၏ ဆဲသံ ဆိုသံတွေ လွတ်ရာကိုသာ သွားချင်သည်။ သို့ကြောင့် ခရီးထွက်ရမှုကိုပင် ရှာကြံနေသည်။ အခွင့်သာတိုင်း ခရီးပဲထွက်နေလိုက်သည်။

မနုကလည်း ဖိုးကြိုင်းတုတ်ဖြစ်နေသည်၊ ဒါမှ သူ့လင်ငယ်နှင့်လွတ်လွတ်လပ်လပ် နေရသည်။ ကလေးတွေ ကျောင်းဖွင့်ရက်ဆိုလေ သူအဖို့ အဆင်ပြေလေဖြစ်နေသည်။ နောက်ပိုင်းကျတော့ ကလေးတွေကို အစိုးရကျောင်း ပိတ်လည်း အိမ်မှာမနေမှ၊ ဘုန်းတော်ကြီးကျောင်းကို ပို့ထားသည်။ ဒီတော့ သူတို့အဖို့ လွတ်လွတ်လပ်လပ် နေချင်တိုင်းနေရသည်၊ မည်သူ့ကိုမှလည်း ဂရုမစိုက်ပေ။

တစ်နေ့...ထိုတစ်နေ့ကတော့ မနု အကုသိုလ်ဝင်သောနေ့ပင်၊ မနုနှင့် မောင်မောင်စိုးတို့ ဖြစ်ချင်တိုင်း ဖြစ်နေစဉ်မှာ ဆိုင်းမဆင့် ဗုံမဆင့် ကိုပြေငြိမ်းပြန်လာတာနှင့် ပက်ပင်း



တိုးတော့သည်။ ကိုပြေငြိမ်းကလည်း သူတို့ကို ချောင်းသည်မဟုတ်၊ ခရီးထွက်ရင်း မကျန်းမာလို့ ပြန်လာခြင်းဖြစ်သည်။

ပက်ပင်းတိုးသော်လည်း ကိုပြေငြိမ်း တစ်ယောက် မုန်လာဥ အလုပ်ခံရသည်။ ဗိုက်နာလို့ ခေါ်နှိပ်ခိုင်းတာ ဘာဖြစ်လဲ၊ မနေချင်ဆင်းသွား၊ ဟိုဟိုဒီဒီ ပြဿနာလာမရှာနဲ့ဟု အပြောခံရသည်။ ကိုပြေငြိမ်းတစ်ယောက် ဘာဘာတ်နိုင်မည်နည်း။ ဘာမှမဘာတ်နိုင်ပေ။ အောင့်သက်သက်နှင့်ပင် နေလိုက်ရသည်။

သည်လိုနှင့် မနုနှင့်ကိုပြေငြိမ်းတို့ လင်မယားချင်းအဆင်မပြေတော့ စီးပွားရေးပါ အဆင်မပြေဖြစ်လာသည်။ ကြာတော့ စီးပွားရေးဟာ လုံးပါးပါးလာသည်။ ကိုပြေငြိမ်း ရှာသလောက် မနုက တစ်ဖက်ကို ပုံ့ပိုးရသည်။ သည်တော့ ဝင်ငွေ ထွက်ငွေ မမျှဖြစ်လာသည်။ ကြာတော့ ကုန်းကောက်စရာမရှိအောင်ဖြစ်လာသည်။ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်လာသည်။ ကလေးတွေပါ သူတို့အကုသိုလ်အကျိုး ခံစားနေကြရသည်။

မနု စီးပွားရေးကျဆင်းသွားတော့ မနုကို မမနု မမနုနှင့် ခေါ်ပြီး ချစ်လှပါတယ်ဆိုသည့်မောင်မောင်စိုးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ သည်တော့ မနု တစ်ယောက် အိမ်မြောင်အမြီးပြတ် ဖြစ်ရတော့သည်။ ရှိလို့မဲ့ သည်လူမဲ ဖြစ်လာသည်။ အိမ်ရှိလူကုန်ကို ရှာလိုနေသည်။ ပြီးတော့ အိပ်မပျော်လို့ဆိုကာ ယမကာလေး နည်းနည်း မှီဝဲလာသည်။ ကြာတော့ နည်းနည်းမှများ‌များ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ နဂိုကမှ ခပ်ကြမ်းကြမ်း၊ ယမကာလေးဝင်တော့ ခပ်ရမ်းရမ်းပင် ဖြစ်နေတော့သည်။

ကြာတော့ နေ့တစ်ယောက် မိန်းမသားဟန်မဲ့ အရက်သမား ခွက်ပုန်းကြီးဖြစ်လာသည်။အစားမမှန်၊ အအိပ်မမှန်တော့လည်း ရောဂါပိုးပေါင်းစုံဝင်လာပုံရသည်။ အိပ်ရာထဲမှာ လဲနေတော့သည့်အဆင့်ရောက်လာသည်။ ကိုပြေငြိမ်းကလည်း သူတတ်နိုင်သလောက် ကုပါသည်။ တိုင်းရင်းဆေးဆရာလည်း ပင့်သည်။ ကျန်းမာရေးမှူးလည်း ခေါ်သည်။ မည်သူကမှ ဘာရောဂါဟု တိတိကျကျမပြောကြပေ။ သည်လိုနှင့်ရက်ကြာလာတော့ မနု စကားမပြောနိုင်ပေ။မျက်လုံးစုံမှိတ်ပြီး ပက်လက်နေတော့သည်။

ဘေးမှ လူနာကြည့်ကြသူတွေကလည်း နောက်ဆုံးအခိုက်ပိုင်းကိုသာ စောင့်နေကြသည်။ ထိုအခိုက် ဖြူနီးဆို ပက်လက်လှဲနေသည့် လူမမာ၊ သူများထူမှထနိုင်သည့် လူမမာ ငုတ်တုတ်ထထိုင်ပြီးတော့ ပါးစပ်ကလည်း ဘာတွေ ပြော မှန်းမသိ ဗူးဗူးဝါးဝါးနှင့် ဖြစ်နေသည်။

ဘေးကလူတွေကလည်း 'မနု သတိထား သတိထား' ဟုသာ ပြောနေကြရသည်၊ ဘာဖြစ်မှန်းမသိ။ မနုကလည်း အသံနက်ကြီးဖြင့်အော်သည်။ပြီးတော့ထပြေးသည်။ ပါးစပ်ကလည်း 'ဟဲ့ခွေး-ဟဲ့ခွေး၊ လုပ်ကြပါဦး၊ ခွေးနက်ကြီးတွေ လိုက်ဆွဲလို့ လုပ်ကြပါဦး၊ အမယ်လေး- သေတော့မယ် ကိုပြေငြိမ်း-ကျုပ်ကို ကယ်ပါဦး၊ လုံတွေနဲ့ ဝိုင်းထိုးကုန်ပြီ လုပ်ပါဦး'နဲ့ အော်ပြေးသည်။ လူတွေကလည်း ဝိုင်းဆွဲထား



ကြသည်။ ပြီးတော့ ပျော့ခွေသွားသည်။ ခဏကြာတော့ မျက်လုံးပြန်ပွင့်လာသည်။ လူတွေကိုလိုက်ကြည့်သည်။ ကိုပြေငြိမ်းကို တွေ့တော့ တောင်းပန်သောအကြည့်နှင့် ကြည့်ပြီး လက်နှစ်ဖက်ကိုယှက်ပြီး ရှိခိုးသလိုလုပ်ကာ ပက်လက် သည်။ ပြီးတော့ မပီတပီအသံဖြင့် အမိုက်မကို ခွင့်လွှတ်ပါ သေရပါတော့မယ်၊ ဟိုမှာခေါ်နေကြပြီ၊ အမယ်လေး ခွေးတွေ လိုက်တော့မယ်၊ ဟိုမှာ လုံကြီးနဲ့ ထိုးတော့မယ် ကြောက်ပါပြီတော်၊ နောက် လင်ငယ် မနေတော့ပါဘူး၊ လိုက်ခဲ့ပါမယ်တော်၊ လုပ်ကြပါဦး၊ခွေးနက်ကြီးတွေဆွဲကုန် ပြီ၊ အမယ်လေး-သေပါပြီတော်,ဟုဆိုကာ ငြိမ်ကျသွားလေ သည်။ ဘေးမှလူနာကြည့်သူတို့သည်း အသက် တစ်ခါတည်း ထွက်မထွက် စမ်းသပ်ကြသည်။ ထိုသို့ စမ်းသပ်နေစဉ်ပင် မျက်လုံးပွင့်လာပြီး ယူ့သားသမီးတွေကိုခေါ်သည်။ပြီးတော့ ကလေးတွေကို တစ်ယောက်ချင်း ထုသည်။

'နင်တို့အမေ သူတော်ကောင်းကြီးနဲ့ နေခဲ့ကြ၊ အမေ မိုက်မိုက်လို့ ခွေးကိုက်ခံနေရပြီ၊ လုံထိုးခံနေရပြီ၊ ခုလဲ ဟိုမှာ မီးအိုးကြီးတွေ ရှက်ပြေးရဦးမယ်တဲ့၊ အမေ့ကို ခေါ်နေပြီ၊ လာပါပြီတော့'ဟု အော်ကာ ငြိမ်ကျသွားပြန်သည်။

သည်တစ်ခါငြိမ်ကျသွားသည်မှာ ပြန်မထလာသည့် ငြိမ် ချက်မျိုး ဖြစ်သွားတော့သည်။ ခြေဖျားတွေအေးလာသည်။ လက်ဖျားတွေအေးလာသည်။ နောက် တစ်ကိုယ်လုံး အေး လာသည်။ အသက်ထွက်မထွက် စမ်းသပ်သူတို့လည်း လက် မြှောက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှပင် ကိုပြေငြိမ်းနှင့် ကလေးတွေ ငိုကြတော့ သည်။ မျက်ရည်မခိုင်သူတွေလည်း ဝိုင်းငိုကြတော့သည်။ လတွေလည်းလှုပ်လှုပ်ရွရွဖြစ်လာကာ နှုတ်အုန်းသီးစွန့်သူက သမှ အိမ်ရှေ့ထရံ ခွာသူခွာ၊ အလောင်းပြင်သူက ပြင်ကြ တော့ အသုဘကိစ္စစီစဥ်စရာရှိသည်ကိုဝိုင်းစီစဥ်နေကြသည်။ မှာ ပံထဲရွာထဲမှာရော၊ နယ်မှာပါ 'မနုတစ်ယောက် လင် ငယ် နေသို့ ရဲခွေးအကိုက်ခံပြီးသေရသည်' ဟူသောစကား ပျံ့နှံ့နေလေတော့သတည်း။

(မှတ်ချက်။ ။ကျန်ရစ်သူတို့ကိုငဲ့၍ မြို့နယ်၊ ရပ်ရွာကို မဖော်ပြတော့ပေ၊ အမည်များကိုမူ စာရေးသူတို့၏ ထုံးစံ အတိုင်းပင်။)

★

www.burmeseclassic.com

www.burmeseclassic.com

## ရှင်ပြုဖို့ တိုက်တွန်းတဲ့ ကိုလှထိန်

'ကိုလှထိန်ကြီး ပြန်လာသတဲ့'

ဤသတင်းသည် သနပ်ချောင်းရွာကလေးတွင် ညဦးပိုင်းဖြစ်စေကာမူ ပျံ့နှံ့သွားသည်။ ကိုလှထိန်သည် ရွာမှခွဲသွားသည်မှာ ရှစ်နှစ်ခန့်ရှိပြီ၊ ထိုရှစ်နှစ်အတွင်းတစ်ခေါက်မှပြန်မလာပေ။ ဖခင်နှင့်ညီ၊ညီမများအတွက် အဝေးမှ ဟတ်နိုင်သရွေ့ လှမ်းပို့သည်၊ ကူညီပံ့ပိုးသည်။ ခုမှ ဘာ စိတ်ကူးပေါက်ပြီး လာသည်မသိ၊ ဆွေမျိုးမိဘညီအစ်ကို မောင်နှမတစ်စု ဝမ်းသာနေကြသည်။ သို့ကြောင့် ကိုလှထိန်ကြီးရောက်နေတယ်ဆို၍ ဦးမောင်ကြီးတို့အိမ်တွင် လူစည်ကားနေသည်။ တစ်ယောက်တစ်ပေါက် မေးကြသည်မှာလည်း စုံနေသည်။ သူတို့ မေးချင်ရာမေး ကိုလှထိန်ကြီး ဘာမှ မပြောပေ။ သူပြောချင်ရာကိုသာ ပြောသည်။ သူပြောသည်က– 'အဖေ၊ ကျွန်တော်ရတဲ့ငွေနဲ့ကုသိုလ်ပြုပါ၊ဘုန်းကြီးပျံ အလှူလုပ်ပါ၊ သေသူတွေကို အမျှဝေပါ၊ ဒါမှ သူတို့ခမျာ ကောင်းကောင်းစား ကောင်းကောင်း ဝတ်ရမှာ'



'အေးပါကွ၊ ငါတို့လဲ တတ်နိုင်သလောက် ကုသိုလ် လုပ်ပါတယ်၊ မင်းပိုက်ဆံက ဘယ်မှာလဲ၊ လုပ်ရမှာပေါ့'

'ရမှာပေါ့၊ ရတဲ့အခါသာ ကုသိုလ်လုပ်ပါ၊ ညီလေး လှရှိန်ကို ရှင်ပြုပါ'

'အေး–တို့လဲ အဲဒီအတွက် ကြိုးစားနေတာပဲ၊ မင်းပိုက်ဆံသာ ဒီနေ့ရ၊ ဒီနေ့ကို လှူပစ်မှာပဲ'

'အဖေ သားပြောတာမမေ့နဲ့၊ လှူဖြစ်အောင် လှူနော်'

'ဟာကွာ–လှူပါမယ်ဆို၊ မင်းက ဘယ်သွားဦးမှာလဲ၊ ဘယ်နေ့ပြန်မှာလဲ၊ လာတုန်း ဖြည်းဖြည်းမှ ပြန်ပေါ့ကွ'

'ကြာရှည်နေလို့ မရဘူး အဖေရ၊ ကျွန်တော် ပြန်ရမယ်'

'အေးပါကွ၊ လာတုန်း အေးအေးဆေးဆေး နေပါဦး'

'ဟုတ်သားပဲ ကိုလှထိန်ကလဲ၊ ဖြည်းဖြည်းမှ ပြန်ပေါ့'ဟု သူ့သူငယ်ချင်း သန်းမြင့်က ပြောသည်။

သန်းမြင့်တို့ကိုတော့ ဘာမှပြန်မပြောပေ၊ လူ အားလုံးကိုတော့ တစ်ယောက်စီ လိုက်ကြည့်သည်။ ပြီးတော့ ခဏဟုဆိုကာ အိမ်အောက်ဆင်းသွားသည်။ ပြီးတော့ အိမ်နောက်ဖေးဘက် ထွက်သွားသည်၊ ခွေးများက လိုက်ဟောင်နေ၍ အိမ်ပေါ်က လူများက ခွေးကို ငေါက်ကြသေးသည်။ အိမ်သာဘက် သွားသည်ဟု ထင်ကြသည်။ အိမ်ပေါ်မှာ ကျန်ခဲ့သည့် လူများက ကိုလှထိန်ကြီးနှင့် ပတ်သက်၍ ပြောဆိုနေကြသည်။ အသက်အနည်းငယ်ရလာ၍ ကုသိုလ်မှုပြုဖို့၊ အလှူအောက်တည်ဖို့ ပြောဆိုလာကြောင်း၊ နည်းနည်း လောကြောင်း စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အတော်ကြာအောင် ပြောဆိုမိသည်တိုင် ကိုလှထိန် တစ်ယောက် အိမ်သာမှ ပြန်မလာပေ။ သို့ကြောင့် ဦးမောင်ကြီးသည် လက်နှိပ်ဓာတ်မီးကိုဆွဲကာ ဆင်းလိုက်သွားသည်။ အိမ်သာလည်း တံခါးပွင့်နေသည်၊ အိမ်သာထဲမှာလည်း မည်သူမျှမရှိ၊ တောပတ်ဝန်းကျင်ကို ဓာတ်မီးထိုးကြည့်တော့လည်း မတွေ့ပေ၊ သို့ကြောင့် အိမ်ပေါ်မှ လူများကို မတွေ့ကြောင်း လှမ်းပြောလိုက်သည်။ သို့ကြောင့် အိမ်ပေါ်မှ လူများပါ ခြံထဲလိုက်ရှာကြသည်၊ မတွေ့ကြပေ။ သို့နှင့် လူများအိမ်ပေါ်တက်ပြီး ဝိုင်းဖွဲ့ကာစကားပြောရင်း စောင့်ကြသည်။ ကိုလှထိန်ကတော့ ပေါ်မလာပေ။ သို့ကြောင့် ည အိပ်ရာဝင်လိုက်ကြသည်။ နံနက်မိုးလင်းသော်လည်း ရှာကြည့်ကြသေးသည်၊ မတွေ့ကြပေ။ ရွာထဲမှာတော့ ထင်ကြေးအမျိုးမျိုး ပြောနေကြသည်။ ခက်သည်က တစ်ယောက်တည်း တွေ့ကြရသည်မဟုတ်၊ အများတွေ့ကြသဖြင့် အိပ်မက်ဟုလည်း မပြောသာ၊ အတွေး ချာချာ လည်နေကြတော့သည်။

ဆယ့်ငါးရက်ခန့် ကြာသောအခါ ဦးမောင်ကြီးထံသို့ ကြေးနန်းစာတစ်စောင် ရောက်လာသည်။ ကိုလှထိန် တစ်ယောက် ကွယ်လွန်သွားကြောင်း၊ သို့အတွက် ကိုလှထိန် အတွက် ရသင့်သည်များကို ရယူရန်လာခဲ့ဖို့ပင် ဖြစ်သည်။ သို့အတွက် ဦးမောင်ကြီး မိသားစုနှင့် တစ်ရွာလုံးလိုလို ချာချာလည်ရတော့သည်။ ရွာကို ခဏလာပြီး ခဏပျောက်သွားသည့် ကိုလှထိန် ယခုတော့ ကွယ်လွန်သွားပြီဆိုတော့ အံ့ဩနေကြသည်။ ဒီထက်ထူးဆန်းသည်က ကိုလှထိန်ကြီး



ရွာကိုလာသောနေ့ရက်နှင့် ကွယ်လွန်သော နေ့ရက်သည် တစ်ရက်တည်း တစ်ထပ်တည်း ဖြစ်နေသည်က ပို၍ပင် ထူးဆန်းနေလေသည်။ ကွယ်လွန်သည့် နာရီကိုသာ တိတိကျကျမသိရသဖြင့် တူညီ၊ မတူညီ မသိရပေ။

ဦးမောင်ကြီးသည် ကိုလှထိန် ကွယ်လွန်သည့် ဒေသသို့ လိုက်သွားကာ ရသင့်ရထိုက်သည်များကို ရယူပြီး ကိုလှထိန်ကြီး မှာခဲ့သလို သူ့ညီလှရှိန်ကို ရှင်ပြု အမျှဝေလိုက်သည်။ အမျှဝေပြီးသည်နှင့် လူကြားထဲမှ ကိုလှထိန် အသံကြီးဖြင့် ပီပီသသကြီး သာဓုခေါ်သံကို လူအားလုံး ကြားကြရသည်။

အလှူပြီး၍ ညပိုင်းတွင် ဦးမောင်ကြီးသည် အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ ကိုလှထိန်ကြီး နတ်ဝတ်နတ်စားနှင့် တွေ့ရကြောင်း မိုးလင်းသည့်အခါ ပြောပြသဖြင့် လူအားလုံးမှာ အံ့ဩဝမ်းသာနေကြလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အောက်ကျောင်းက ဘိုးဘိုးကြောင်

ပုပ္ပားက ဘိုးဘိုးအောင်....။

အောက်ကျောင်းက ဘိုးဘိုးကြောင်ကွ မှတ်ထားကြ။ ဤစကားက ဘိုးဘိုးကြောင်၏ လက်သုံး စကားပင်ဖြစ်၏။ ဘိုးဘိုးကြောင်သည် ရဟန္တာ အရှင်မြတ် မဟာပုဏ္ဏ၏ ကျောင်းတော်နေရာ သမုဒ္ဒဂိရိအောက်ကျောင်း ဘုရားကြီးအတွင်းမှာအနေများသည်၊တစ်ခါတစ်ရံမမင်းဘူးဘုရားကြီးထဲမှာ နေသည်၊ တစ်ခါတစ်ရံတော့ ကြောင်လိန်ဘုရားထဲမှာ နေသည်၊ အမှန်မရှိ၊ မင်းဘူးမြို့ မြောက်ပိုင်းရှိဘုရားကျောင်းကန်တို့တွင် အနေများသည်။

ဘိုးဘိုးကြောင်၏ အရွယ်သည် အသက် ငါးဆယ်ဝန်းကျင်ခန့် ရှိမည်၊ ခပ်ပုပုပင်၊ သူသွားလေရာမှာ အထုပ်တစ်ထုပ်ပါသည်၊ အထုပ်ထဲတွင် သတင်းစာ အပိုင်းများနှင့် စာရွက်အလွတ်များ၊ခဲတံတစ်ချောင်းနှင့် လယ်တီဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်ဒီပနီ၊ စွန်းလွန်းဆရာတော် ထေရုပ္ပတ္တိနှင့်ကျင့်စဉ် စာအုပ်များ ပါသည်။

ရှင်ပြု၊ ကထိန်၊ ဆွမ်းကျွေး၊ အသုဘ၊ ဘုရားဆွမ်းတော်ကြီးတင်စသောပွဲများတွင် ဘိုးဘိုးကြောင်ရောက်သည်။ သူ့



အလုပ်က သူများမလုပ်ချင်သည့် ပန်းကန်ဆေးအလုပ်၊ ချက်ပြုတ်သူတို့အနား မီးထိုးသည့်အလုပ်ကို လုပ်သည်။ ပြီးတော့ ခွေးကျွေးသည့်အလုပ်ပါလုပ်လိုက်သေးသည်။ဤအလုပ်များ ဘိုးဘိုးကြောင် ဘယ်အရွယ်က လုပ်သလဲဆိုလျှင် ချမ်းသာကြီးတိုက် ဆွမ်းစားကျောင်းဆရာတော်ကြီး ဦးနာယက-က-

'တို့ ငယ်စဉ်ကလဲ ဘိုးကြောင်က ဒီအရွယ်ပဲကွ၊ပြီးတော့ ဒီအလုပ်တွေပဲ လုပ်တာပဲ၊ တို့ သိရသလောက် ဆိုရင် ဘိုးကြောင် ဖျားတာနာတာ မတွေ့ဘူးကွ၊ ပြီးတော့ မိုးရွာရွာ နေပူပူ သွားလာနေတာပဲ၊ ဆောင်းတွင်းလဲ ချမ်းတယ် မရှိဘူး၊ သူများတွေဆို ကျန်းမာရေးထိခိုက်မှာပေါ့၊ အစားအစာကလဲ မရွေးဘူး စားတာပဲ၊ နောက်ဆုံး ဘယ်ကမှ မရရင် ကျောင်းမှာ ခွေးစာကျွေးထားတဲ့ ခွေးစာခွက်ထဲက အကျန်တွေ ကုန်းကောက်စားတာ၊ အဲဒါမြင်တဲ့ကိုရင်လေးတွေက ငါ့လာလျှောက်တော့ ငါက သနားတာနဲ့ ကျောင်းသားတွေအတွက် ညစာချန်ထားတဲ့အထဲက ခွဲကျွေးရတယ်' ဟု မိန့်ကြားခဲ့ဖူးသည်။

ထို့အပြင် ဘုန်းကြီး ဦးဝိဇယကြီးကလည်း 'တို့ မင်းဘူးရောက်ကတည်းက ဘိုးကြောင် တို့သာအရွယ်ကြီးလာတယ်၊ သူကဒီအတိုင်းပဲဟ' ဟု မိန့်ကြားတော်မူသည်။

ထို့အပြင်အခြားသက်ကြီးရွယ်အိုတို့ကလည်း ဘိုးကြောင် အကြောင်း ပြောကြသည်။ ဘိုးကြောင်သည် ယခင်က အိမ်ထောင်ကျဖူးကြောင်း၊ မြေဘုံးသည့်အလုပ် လုပ်ခဲ့ကြောင်း၊ မြေကျင်းပိပြီး သေမလိုဖြစ်ခဲ့ကြောင်း၊ သားသမီး မရှိ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း စသည်တို့ကို သိရသည်။ အချို့ပုဂ္ဂိုလ်များထံက အလကား ဒီအဘိုးကြီးက ပျင်းလို့ ရူးပေါပေါလုပ်နေတာ၊ အသက်ကတော့ အတော်ကြီးလောက်ပြီ၊ တို့ငယ်ငယ်ကလဲ ဒီအရွယ်ပဲဟု မှတ်ချက်ချသံလေးပါ အဆစ်ကြားခဲ့ရသည်။ သို့ကြောင့် ဘိုးဘိုးကြောင်ကို စိတ်ဝင်စားမိသည်။ တစ်နေ့ နံနက်စာ စားအပြီးတွင် ဘိုးကြောင်ရောက်လာသည်။ စုံစမ်းချင်တာနှင့် အလောတော်ဖြစ်နေသည်။ သို့အတွက် ထမင်းကျန်များကို ဇလုံကြီးတစ်ခုထဲမှာ ဟင်းများပါ စုပုံပေးပြီး 'ဘိုးကြောင်၊ ဘိုးကြောင်အကြောင်း ကျွန်တော် သိချင်တယ်၊ ကောင်းကောင်းဖြေပါ၊ ပြီးတော့ ကျွန်တော် နေ့တိုင်း ကျွေးမယ်၊ ဒီအချိန်ကျ လာခဲ့ပေါ့'

'ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေမှာပေါ့၊ ကျွေးပြီးခိုင်းရင်တော့ မလာဘူး၊ နေ့စဉ် လာမစားနိုင်ဘူး၊ အလှူတွေရှိရင် သူများမလုပ်ချင်တဲ့ အလုပ်တွေ လုပ်ရမယ်၊ ခွေးတွေ ကျွေးရဦးမယ်'

'ဟုတ်ကဲ့ပါ မခိုင်းပါဘူး၊ ဘိုးကြောင် လုပ်ချင်ရင် ညောင်ပင်အောက် တံမြက်စည်းလှည်းဖို့လောက်ပါ'

'ဒါသိလုပ်မယ်၊ ဒါက ကုသိုလ်ရတဲ့အလုပ်ပဲ၊ ဘယ်သူမှ ခိုင်းစရာမလိုဘူး၊ ဘိုးဘိုးကြောင် လုပ်နေကျတွေ၊ အဆန်း လုပ်လို့'

'ဟုတ်လား၊ ဒါထက် ဘိုးဘိုးကြောင် အသက် ဘယ်လောက် ရှိပြီလဲ'

'ဘာလုပ်ဖို့လဲ၊ မင်းက သန်းခေါင်စာရင်းဘက်ကလား'



'မဟုတ်ပါဘူး ဘိုးကြောင်ရဲ့၊ သိချင်လို့ပါ'

'အပိုတွေ မင်းသိလို့လဲ ဘာမှမထူးဘူး၊ ငါသိလဲမထူးဘူး၊ ဒါကြောင့် ငါ့အသက် တွက်မကြည့်ဘူး'

'ဘိုးကြောင် ခုလိုလျှောက်သွားပြီး ကြုံသလိုစား၊ ဖြစ်သလိုနေရင် တစ်နေ့ ဒုက္ခရောက်လိမ့်မယ်'

'ဒုက္ခကြောက်ရင် လူ့ပြည်မလာနဲ့ပေါ့ဟ၊ ခန္ဓာကိုယ်မရှိတဲ့နေရာသွားမှ ဒုက္ခငြိမ်းမှာ၊ ခု ဒုက္ခကြောက်လို့ ငါ ဒီအတိုင်းနေတာပေါ့၊ ဒီဒုက္ခက ဘာဟုတ်သေးဘူး၊ ငရဲဒုက္ခကမှ ကြောက်စရာကောင်းတာ၊ မင်းတို့ကြပ်ကြပ်ဂရုစိုက်'

'ဘိုးကြောင်က ငရဲဒုက္ခ ကြောက်တယ်ဆိုရအောင် ငရဲရောက်ဖူးလို့လား'

'ရောက်ဖူးလို့ ပြောတာပေါ့ဟ၊ တစ်ခါတောင် မကဘူး၊ နှစ်ခါနှစ်ခါ၊ မှတ်ထား'

'အဲဒါလေးလဲ ပြောပြစမ်းပါဦး ဘိုးကြောင်ရဲ့'

'အေး...တစ်ခါက မြေတူးတုန်း မြေပိတော့ ရောက်သွားတာ၊ မင်းတို့ကို ငါပြလိုက်ချင်တာ၊ တောကြီးထဲမှာ လံတွေ၊ ဓားချွန်တွေ စိုက်ထားတဲ့ ကျွန်းကြီးပေါ်ကို ဆံပင်ဖားရားချထားပြီး အဝတ်မပါ ကိုယ်လုံးတီးနှင့် လူတွေလာပြီး လိမ့်ချလိုက်ကြတာ ငါ့ကိုယ်လုံး သွေးသံရဲရဲနဲ့ ဖြစ်ကုန်တာပဲ၊ ဒါနဲ့ အနားက ပုဂ္ဂိုလ်ကြီးမေးကြည့်တော့ အဲဒါ လူတောက ကြက်တိုက်၊ ပြိုင်နွားမောင်းတဲ့ ကောင်တွေတဲ့'

'ဟင်... ဟုတ်လား၊ ကြောက်စရာပဲ ဘိုးကြောင်'

www.burmeseclassic.com

www.burmeseclassic.com



'နောက် တစ်နေ့ရာကတော့ကွ အင်္ကျီမပါတဲ့ လူတွေ ဟန်းစီသားပြီး ပါးစပ်တွေဟနေတာ တွေ့ရတယ်၊ မကြာခင် လူမည်းမည်းကြီးနှစ်ယောက် ရောက်လာပြီး ဟနေတဲ့ ပါးစပ်ထဲ သံရည်ပူတွေ လိုက်လောင်း ထည့်နေတယ်ကွ၊ အဲဒါ ဘာဖြစ်လို့လဲလို့ မေးကြည့်တော့....

'မတရားတဲ့ ဝတ်လုံတွေ၊ တရားသူကြီးတွေနဲ့ ဆဲဆို ကြိမ်းမောင်းတဲ့လူတွေ၊ မဟုတ် မမှန်တာ ပြောတဲ့လူတွေ ဘဲကွ'

'ဘိုးကြောင်ကတော့ လုပ်ရော့မယ်၊ ဟုတ်ကော ဟုတ်ရဲ့ လား ဘိုးကြောင်ရဲ့'

'မင်းမယုံဘူးလား၊ ငါ လိမ်မပြောဘူးကွ၊ ကြောက်လို့ ကြောက်ယို့၊ ခါကြောင့် ငါ ဘာအလုပ်မှ မလုပ်တာ၊ အလုပ် လုပ်ရင် လိမ်ရမယ် ညာရမယ်၊ လိမ်ရင်ညာရင် ငရဲရောက် မှာကွ၊ မလိမ်မညာရတဲ့အလုပ်လဲ ရှိမှာပေါ့၊ ရှားပါတယ်'

'နောက်ကော ဘာတွေတွေ့သေးလဲ ဘိုးကြောင်'

'တစ်နေ့ရာကျတော့တော့ လူတွေ တစ်ယောက်နဲ့ တစ်ယောက် တင်းပုတ်ကြီးတွေနဲ့ ထုကြ၊ လှံတွေနဲ့ထိုးကြ၊ ဓားတွေနဲ့ ခုတ်ကြတာ မကြည့်ဝံ့စရာပဲ၊ သူတို့ကိုယ်မှာလဲ သွေးသံ ရဲရဲနေတာပဲ၊ အဲဒါဘာဖြစ်ကြတာလဲလို့ မေးကြည့်တော့ သူများ အသက်တွေ သတ်ခဲ့တဲ့လူတွေတဲ့ကွ၊ ငါလဲ ကြောက် ကြောက်နဲ့လိုက်ကြည့်တာ နွားသတ်ရောင်းတဲ့ ကောင်တွေ၊ ကြက်သတ်ရောင်းတဲ့ ကောင်တွေ၊ ဝက်သတ်ရောင်းတဲ့ ကောင်တွေ ငါသိတဲ့လူတွေများတယ်၊ အဲဒီအထဲ ဟိုကောင်



ဖိုးဆေးတောင် တွေ့သေးတယ်၊ သူ့သားအလှူ ရှင်ပြုတုန်း က ချမ်းသာတယ်ဆိုပြီး ဝက်သတ်ကျွေးတဲ့ ကောင်လေ၊ မင်းတို့က ဖိုးဆေးမိတဲ့ ကောင်တွေမဟုတ်လို့ သိမှာ မဟုတ် ပါဘူး'

'ဒါတင်ပဲလား ဘိုးကြောင်'

'ဒါတင်ဘယ်ကမလဲကွ၊ တစ်နေ့ရာကျတော့ အဝတ်မပါ တဲ့ ယောကျ်ား၊ မိန်းမတွေရဲ့ လည်ပင်းမှာ မီးကွင်းကြီးတွေ စွပ်ပြီး ပြေးနေတာ တွေ့ရတယ်ကွ၊ ခါးမှာလဲ မီးကွင်း၊ ပေါင်မှာလဲ မီးကွင်း၊ ခြေမျက်စေ့နားမှာလဲ မီးကွင်းတွေနဲ့ စွပ်ထားတာ တွေ့ရတယ်၊ ပူလို့ထင်ပါရဲ့ကွာ ခုန်ဆွခုန်ဆွနဲ့ ဖြစ်နေကြတယ်'

'အဲဒါ ဘာဖြစ်လို့လဲ၊ မေးမကြည့်ဘူးလား ဘိုးကြောင်'

'မေးတာပေါ့၊ အဲဒါ သူများလင် ခိုးတဲ့ မိန်းမတွေ၊ သူများမယားခိုးတဲ့ ကြောင်သူတော်တွေပဲကွ'

'ဟုတ်လား ဘိုးကြောင်'

'ဟုတ်လားမလုပ်နဲ့ ကိုယ့်လူ၊ နောက်တစ်နေ့ရာကျတော့ အောက်က မီးကျီခဲရဲရဲတောက်တွေကို နင်းသွားပြီး ခေါင်း ပေါ်မှာလဲ မီးကင်းအိုးကြီးတွေ ရွက်သွားပြီး ခုန်ပေါက် နေတဲ့ လူတွေ တွေ့ရတယ်'

'အဲဒါ လူ့ဘဝတုန်းက ဘိန်းတို့၊ အရက်တို့ သောက်ရူး ပြီး မူးပျော်နေတဲ့ လူတွေတဲ့ကွ'

'စုံလှချည်လား ဘိုးကြောင်၊ ဟုတ်ကော ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'မယုံ နေလေကွာ၊ ဒါတောင် ငါမြန်မြန် သတိ ရလို့၊ မရရင် ဘာတွေဆက်တွေ့ဦးမယ် မသိဘူး'

'ဘိုးကြောင် သတိရတော့ ဘာတွေဖြစ်သေးလဲ'

'ဟာ....ငါသတိရလို့ ကြည့်လိုက်တော့ ငါ့အဖော်တွေက ငါ့ကို မြေကိုဝိုင်းယက်ပြီး ဖော်နေကြတယ်၊ တချို့ကလဲ ငါသေပြီထင်နေတာ၊ ငါလဲ အဲဒီကနေ ကြောက်ပြီး အောက်ကျောင်းဘုရားကြီးထဲ ပြေးတာပဲ၊ အကုသိုလ်ဖြစ်မယ့် အလုပ်ဆိုဘာမှ ငါမလုပ်တော့ဘူး၊ ကျွေးသူရှိရင်စားမယ်၊ ကျွေးသူမရှိရင် စွန့်ပစ်ထားတာ ရှာစားမယ်၊ ပေးသူရှိရင် ဝတ်မယ်၊ ပေးသူမရှိရင် သုသာန်မှာ သွားရှာပြီး ဝတ်မယ်၊ ပြီးရင် တရားစာဖတ်မယ်၊ လယ်တီရဟန္တာကြီးရေးတဲ့ ပဋိစ္စသမုပ္ပာဒ်ဒီပနီကြီး အရ ကျက်နေတာကွ၊ ထွန်းထောင်ဘုန်းကြီးရဲ့ ကျင့်စဉ်လဲ ကောင်းတယ်ကွ၊ အဲဒါတွေ ဖတ်နေတာ သမာဓိရတယ်'

'ခု....ဘိုးကြောင် ကျင့်နေတာ ဘာအကျင့်လဲ'

'ခန္ဓာမရတဲ့ အကျင့်ကွ'

'ဘိုးကြောင် ငရဲကိုနှစ်ခါရောက်တယ်ဆို၊နောက်တစ်ခါကော ဘယ်လိုရောက်တာလဲ၊ ဘာတွေတွေ့လဲ ပြောပါဦး'

'အေး....နှစ်ခါရောက်တာ၊တစ်ခါက ကြောင်လိန်ဘုရားပေါ် သောင်ပင် တက်ရှင်းလို့ လိမ့်ကျတာ၊ မနက်ကျတာ၊ နေ့လယ် ဆိတ်ကျောင်းကုလားလာမှ နိုးတယ်၊ နိုးမှာပေါ့၊ ဆိတ်တွေက ဟိုကနင်းဒီကနင်းနဲ့ကိုကွ၊သူတို့ပဲ ကျေးဇူးတင်ရသေးတယ်'



'ဆိတ်တွေက ဘိုးကြောင်ကို နင်းသတဲ့လား'

'နင်းတာပေါ့၊ နင်းလို့ ငါသတိရတာကွ၊ ငါက မင်းကို ဘာလို့ လိမ်ပြောရမှာလဲ'

'မဟုတ်ပါဘူး ဘိုးကြောင်ရဲ့၊ အဲဒီတော့ ဘာတွေ တွေ့သေးလဲ'

'တွေ့တာပြောလဲ မင်းယုံမှာမဟုတ်ဘူး၊ မင်းနဲ့ စကားပြောရတာ အချိန်ကုန်တယ်၊ ထမင်းလေး တစ်ခါ ကျွေးပြီး ငါ့ကို လျှောက်မေးနေတာပဲ၊ နောက် မင်းထမင်းလဲ လာမစားဘူး၊ ငါလဲ မယုံမမေးနဲ့မှတ်ထားကွ၊ ပုပ္ပားက ဘိုးဘိုးအောင်၊ အောက်ကျောင်းက ဘိုးဘိုးကြောင်'

'ဘိုးကြောင်ကလဲ ဒေါသတွေကြီးနေပြန်ပြီ၊ ငရဲကြောက်တယ်ဆို'

'ငရဲကြောက်လို့ လူနဲ့ဝေးတဲ့ဘုရားထဲမှာနေတာ၊ဟော်လို့ မင်းတို့ဆီ လာရှာစားတာ၊ ခဏလေးလာ ခဏလေးဒုက္ခပေးတဲ့ကောင်တွေ ပြန်မယ်-ပြန်မယ်၊ မင်းတို့ ငါပြောတာ တွေ့ယုံ၊ ငါ ကိုယ်တွေ့တွေပြောတာ၊ ဘိုးဘိုးကြောင် ပြောတာဆိုပြီး မှတ်ထား၊ ဒါပဲ' ဟု ဆိုကာ ဘိုးဘိုးကြောင်သည် ဗိုက်အောင်းကြီး ထပြန်သွားလေသည်။

ဘိုးဘိုးကြောင်သည် သုံးလေးရက်တိုင်း နောက်နေ့များတွင် အရှူ၊အသုဘ၊ဘုရားဗွမ်းကပ်များ၌ သူ၏မူလအလုပ်များလုပ်ကာ အသက်မွေးနေသည်ကိုသာ တွေ့ရသည်၊ မည်သူ့မျှ အသက်မေး၍မရ၊ မွေးသက္ကရာဇ် မေး၍ မပြော မေးသူများကို ဘုတောလွှတ်သည်။ သူစိတ်လိုတဲ့ အခါမှ ...

www.burmeseclassic.com

www.burmeseclassic.com



တော့ တွေ့တဲ့လူတိုင်းကို 'အကုသိုလ် ကင်းအောင်နေကြ၊ ငရဲကြောက်ကြ၊ ဘိုးဘိုးကြောင် ပြောတယ်မှတ်'ဟု ပြောဆိုတတ်သည်။ ဤသို့သော ဘိုးဘိုးကြောင်၊ ထိုသို့သော ဘိုးဘိုးကြောင် တစ်ယောက် ယခုချိန်ထိအောင် ရှိ၊မရှိ မသိရတော့ချေ။ အကယ်၍ ထိုဒေသရောက်လို့ ကြုံရင်တော့ သတိထား မေးကြည့်ရပေဦးမည်။

အကယ်၍များ မရှိတော့ဘူး၊ ကွယ်လွန်သွားပြီဟု ဆိုသော် ငရဲပြည်ကိုယ်တွေ့ကို ပြောပြသော ဘိုးဘိုးကြောင်၊ ပုပ္ပားက ဘိုးဘိုးအောင်၊ အောက်ကျောင်းက ဘိုဘိုးကြောင် တစ်ယောက် ကောင်းရာသုဂတိလားပါစေ။

★

BURMESE CLASSIC .com

## တင်းပုတ်နှင့်အထုခံနေရတဲ့ မြူးကြောင်

'ဒေါက်....ဒေါက်....ဒေါက်'

'ဘယ်သူတွေလဲ'

'တပည့်တော် ပေါကြီးတို့ပါ ဘုရား'

'ကိုပေါကြီးတို့ပါလား၊ အချိန်မရှိတော့ဘူး၊ ၁၂-နာရီထိုးတော့မယ်၊ ဘာကိစ္စရှိလို့လဲ'ဟု ဆိုကာ ဆရာတော်ကလေးသည် တံခါး ဖွင့်ပေးလိုက်သည်။ ကိုပေါကြီးနှင့် အဖော် တစ်ယောက်သည် ကျောင်းပေါ်တက်လာသည်။ ထိုအချိန်တွင် အာဂန္တုဘုန်းကြီး ဦးအာရိယ(မကွေး-မြင်သာကျောင်း)လည်း ထလာပြီး....

'ဟာ....ဒကာပေါကြီးတို့ပါလား၊ဘာကိစ္စအရေးရှိလို့လဲ'

'မြူးကြောင် အသည်းအသန် ဖြစ်နေလို့ အရှင်ဘုရားတို့ ပရိတ်ချီးမြှင့်ပေးဖို့ လာပင့်တာပါ ဘုရား'

'ဟာ....ဒီကောင်ကြီး မနေ့က အကောင်းကြီးပဲ'

'ဟုတ်တယ် ဘုရား၊ ညနေကမှ အောင့်တယ်၊ အောင့်တယ် ဆိုတာကနေပြီး စဖြစ်တာပဲဘုရား၊ က[illegible]ကတင်း

www.burmeseclassic.com

www.burmeseclassic.com



တွေအောင်၊ သင်္ကြံရတဲ့အခါမှာ ဘုန်းကြီးပင့်ပေးပါဆိုလို့ အားနာနာနဲ့ လာပင့်ရတာပါဘုရား'

'အေး....အေး၊ လာခဲ့မယ်၊ သွားနှင့်ကြ' ဟု မိန့်ကြားသည်နှင့် ကိုပေါ်ကြီးတို့နှစ်ယောက် ပြန်သွားလေသည်။ ခဏကြာသော် ဘုန်းကြီး နှစ်ပါးသည် လက်နှိပ်ဓာတ်မီးနှင့် ကိုရင်ကြီး (မောင်ဝင်း)ကို ခေါ်ကာ ဂရန်ခလေး ရွာထဲသို့ ကြွသွားကြသည်၊

'အမယ်လေးဗျ....ကြောက်ပါပြီ၊ နောက် မခိုးတော့ပါဘူး၊ ကယ်ကြပါဦးဗျ' ဟု ဖြူးကြောင်၏အသံသည် ရွာထိပ်ရောက်သည်နှင့် ကြားရသည်။ အိမ်နားရောက်သော် ပို၍ပင် အသံကျယ်လာသည်ဟု ထင်ရသည်။ ပြီးတော့....

'ဖြူးကြောင်....သတိထား....သတိထား၊ ဘုန်းကြီး သွားပင့်ခဲ့ပြီ၊ ဟိုမှာ ကြွလာပြီ' ဆိုကာ နှစ်သိမ့် သတိပေးနေကြသည်။ မကြာမီ ဘုန်းကြီးနှစ်ပါး အိမ်ပေါ်ရောက်လာသည်။ ထိုအခါကျမှဝင် ဖြူးကြောင်က ပိုဆိုးလာသည်ထင်ရသည်။

'ကယ်ကြပါဦးဗျ၊ ကြောက်ပါပြီ၊ နောက် မခိုးတော့ပါဘူး၊ ဘုန်းကြီး....ကယ်ပါဦးဘုရား၊ နောက်မခိုးတော့ပါဘူးဘုရား၊ အမယ်လေး....သေပါပြီ'

'ဖြူးကြောင်....သတိထား၊ ဘုန်းကြီးတို့ ရောက်လာပြီ၊ မင်းဆရာဘုန်းကြီး ဦးအရိယလဲ ကြွလာတယ်'

'မှန်ပါဘုရား၊ တပည့်တော်ကို ခွင့်လွှတ်ပါ ဘုရား၊ တပည့်တော် နောက်မခိုးတော့ပါဘူး၊ ခု တပည့်တော်ကို



အရှင်ဘုရား ကျောင်းထဲက ပိန္နဲသီးခိုးလို့ဆိုပြီး လူနီနီကြီး ကြိမ်နဲ့ လိုက်ရိုက်နေပါတယ် ဘုရား'

'ဟေ....ဟုတ်လား၊ မင်းက ဘယ်မိုက်တာကိုး၊ ငါက ခွင့်လွှတ်ပါတယ်၊ နောက် ဒါမျိုးမလုပ်ရဘူးကွ၊ စားချင်ရင် လျှောက်ပြီး တောင်းပေါ့'

'မှန်ပါဘုရား၊ တပည့်တော် မှားပါတယ် ဘုရား၊ လူနီကြီးက ခေါ်နေတယ် ဘုရား၊ သူခေါ်တဲ့နေရာ မလိုက်လို့ဆိုပြီး ရိုက်နေပါတယ် ဘုရား'

လူမမာကြည့်နေကြသော လူအားလုံးသည် ခုမှပဲ ဇာတ်ရည်လည်တော့သည်။ အစက ဖြူးကြောင် တစ်ယောက် ကဝေသောင်ကဟာမ်းတွေ အော်နေတာပဲဟု ထင်ကြသည်။ ဖြူးကြောင်ကလည်း ဖြူးကြောင်ပင်။ ဘုန်းကြီးကျောင်းဝင်းထဲက ပိန္နဲသီး ခိုးလာသည်။ ဘုန်းကြီးကလည်း မနေ့ညနေကမှ ထိုပိန္နဲသီးကြီးကို အပင်မှာပင် သပ်ရိုက်ခိုင်းပြီး နောက်နေ့တွင် မန်လည်ဆရာတော်ကြီး သွားကန်တော့မည်ဟု ကိုရင်မောင်ဝင်းကို ပြောထားသည်။ နောက်နေ့မနက်တွင် ပျောက်သွားသဖြင့် ညက ဝင်ခိုးတာပဲ ဖြစ်ရမည်။ ကျောင်းသားများကို ရွာထဲမှာ စုံစမ်းခိုင်းသည်။ စုံစမ်းမရပေ။ လက်စသတ်တော့ ဖြူးကြောင် လက်ချက် ဖြစ်နေသည်။

ဖြူးကြောင်သည် သူစာရင်းသွင်းလုပ်သည့် မင်းလှိုင်ရွာမှ အပြန် ဝင်ခိုးခဲ့တာ ဖြစ်ပေလိမ့်မည်။ အစကတော့မပြော၊

www.burmeseclassic.com

www.burmeseclassic.com



အော်သံအော်နေသည်။ ခု ဘုန်းကြီးကြွလာမှပဲ လျှောက်ထား တောင်းပန်သည်။ ပြီးတော့ ကျန်တဲ့ တစ်ခြမ်းကို သေတ္တာထဲမှ ထုတ်ယူပြီး ဘုန်းကြီးပြန်လှူရန် သူ့မိန်းမကို ပြောသည်။ ထိုအခါမှပင် သူ့မိန်းမကလည်း ရှက်ရှက်နှင့် သေတ္တာထဲက ပိန္နဲသီးခြမ်းကို ထုတ်လာပြီး ကိုပေါ်ကြီးလက် အပ်သည်။ ကိုပေါ်ကြီးမှ ဘုန်းကြီးကို ပြန်လှူရန် ယူလာစဉ် ဘုန်းကြီးက ဒကာတွေပဲ စားလိုက်ကြဟု မိန့်ဆိုပြီး....

'ကဲ...ပြူးကြောင်၊ မင်းကမိုက်တော့ ခံရမှာပေါ့၊ ငါတို့ ပရိတ်ရွက်ပေးမယ်'ဟု မိန့်ကြားကာ ဘုန်းကြီးနှစ်ပါးက ပရိတ်ရွက်ပေးတော်မူသည်။ ပရိတ်ရွက်ပေးပြီး ဘုန်းကြီးများ ပြန်ကြွသွားတော်မူသည်။ ပြူးကြောင်လည်း ငြိမ်သက်သွားသည်။ ပြီးတော့မှပင် လူအားလုံးကိုလိုက်ပြီး လက်အုပ်ချီကာ သူ့ကိုခွင့်လွှတ်ကြပါ၊ ခွင့်လွှတ်ကြပါဟုဆိုကာ ငြိမ်သက် သွားပြန်သည်။

ပြီးတော့ သူ့မိန်းမနှင့် ကလေးများကို 'ကျောင်းပစ္စည်းနှင့် ဘုရားပစ္စည်းတွေ ဘယ်တော့မှမခိုးကြနဲ့၊ ခု သူ သွားခံရဦးမယ်၊ ဟိုမှာ ဘုရားပစ္စည်းတွေ ခိုးတဲ့လူတွေကို တန်းစီခိုင်းပြီး ဘီလူးကြီးတွေက တင်းပုတ်ကြီးတွေနဲ့ လိုက်ထုနေတယ်၊ အဲဒါ ငါ သွားခံရတော့မယ်၊ ဒါကြောင့် မင်းတို့ မှတ်ထားကြ၊ ဘုရားပစ္စည်း၊ ကျောင်းပစ္စည်း ဘယ်တော့မှ မခိုးကြနဲ့'ဟုပြောပြီး ငြိမ်သက် သွားပြန်သည်။ ပြီးတော့ အထိတ်တလန့်နှင့်....



'အမယ်လေး....လာပါပြီဗျ၊ သေတော့မယ်၊ ကယ်ကြပါဦး'ဟု အော်ကာ တွန့်လိမ်ကောက်ကွေး ရုန်းကန်နေသည်။ လူအားလုံးကလည်း....

'ပြူးကြောင်....ပြူးကြောင်၊ သတိထား....သတိထား'ဟု ဝိုင်းဝန်းဆွဲကြသည်။ ပြီးတော့မှ ပြူးကြောင် တစ်ယောက် ငြိမ်ကျသွားတော့သည်။ ပါးစပ်မှ တဝူးဝူး အော်မြည်ပြီး မျက်လုံးကြီးအပြူးသားနှင့် ဖြစ်နေသည်။ ပြီးတော့ တဖြည်းဖြည်း ငြိမ်ကျသွားတော့သည်။ ခုတစ်ခါ ငြိမ်ကျသွားခြင်းသည် ပြူးကြောင် တစ်ယောက် ပြန်၍ လှုပ်ရှားမလာသော ငြိမ်သက်ခြင်းမျိုး ဖြစ်တော့သည်။ ပြီး ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းလာသဖြင့်....

'သွားပြီ၊ မရတော့ပါဘူးကွာ'ဟု ဦးသိန်းက လူအားလုံးကို ပြောသလိုဟန်နှင့် ပြောပြီး နာရေးအတွက် ပြင်ဆင်ကြရတော့သည်။ ထိုအခါမှ ပြူးကြောင် မိန်းမနှင့် ကလေးများ၊ သူ့ဆွေမျိုးများ ချုံးပွဲချ ငိုကြွေးကြတော့သည်။ ပြူးကြောင် တစ်ယောက်ကတော့ ဘာမှ မသိတော့ပေ။ လူလယ်ကောင်တွင် စန့်စန့်ကြီးဖြစ်နေတော့သည်။

အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း ဆိုသည့် လူကြီးသူမတို့စကားသည် ပြူးကြောင်အတွက်ထားခဲ့သလား မသိပေ။ မှန်လှပေ၏။ ပြူးကြောင် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းမှ ပိန္နဲသီးတစ်လုံး ခိုးစားမိတဲ့ အတွက် အစားမတော် တစ်လုတ်ဖြစ်ကာ သေဆုံးသွားရလေတော့ သတည်း။

(အုတ်ဖိုမြို့နယ်၊ ဂရန်လေး ရွာမှ ပြူးကြောင်ကောင်းရာသုဂတိလားပါစေ။)

★

BURMESE CLASSIC .com

## သူတော်ချစ်

ကျွန်တော် ရွာမရောက်သည်မှာ ၁၀-နှစ်ခန့်ရှိပြီမို့ ရွာရောက်တော့ ရွာအခြေအနေ တော်တော်ပြောင်းလဲနေပြီ။ သစ်ပင်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းသို့ သို့ မှိုင်းမှိုင်းနှင့် တောကျေးငှက်တို့က သံစာနေသည်။ ကျွန်တော် ရွာမှထွက်ခဲ့သည့် ၁၉၇၁-ခုနှစ်ဆီက ကျွန်တော်တို့ အိမ်ခြံထဲမှ အုန်းပင်ပေါက်က ကျွန်တော့် တစ်ရပ်မျှသာ။ ခုများတော့ အသီးများဖြင့် မြင့်မြင့်မားမားကြီးတွေ ဖြစ်နေခဲ့ပြီ။

ကျွန်တော် ရွာရောက်သွားသည့် အချိန်မှာ တန်ခူးလဖြစ်၍ နွေဦးပေါက်ချိန်၊ သစ်ရွက်အချို့တို့ လမ်းမ ပြေတလင်းပြင်တွင် လေရူးသယ်ဆောင်ရာနောက်သို့ တဖြောက်ဖြောက် တဖျပ်ဖျပ် လွင့်ပါနေကြသည်။ တစ်ခါတစ်ရံဝေးသောအရပ်ဆီမှ ချိုးကူသံတို့ကြားနေရသည်။ သာယာလိုက်ပါဘိခြင်း။

ရွာရောက်ပြီးတော့ မိမိကိုငယ်စဉ်က သွန်သင်ဆုံးမစာသင်ပေးခဲ့သော ရွာဦးကျောင်းဆရာတော်ကို ဦးရှိ သတိရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာတော်ကိုလှူဖို့ ရန်ကုန်မှ ကိတ်၊ ဘာလီရည်၊ သကြား ဝယ်ခဲ့သည်မို့ ဆရာတော်ကျောင်းသွားဖို့ မြင်ရသည်။ ဆရာတော်က ကျွန်တော့်အကြောင်းကို ခဏခဏ မေးတဲ့အကြောင်း အဖေပြောတော့ ဆရာတော်ကျောင်းကို သွားဖို့စိတ်က ပိုပြင်းပြသည်။

ဆရာတော့်ကျောင်းရောက်တော့ ပို၍ကြည်နူးရသည်။ ကျောင်းဝင်းထဲမှာ ဆီးပင်၊ သရက်ပင်၊ ကုက္ကိုပင်များဖြင့် ပိုသာယာသည်။ ဆီးသီးမှည့်များကလည်း မြေတလင်းပြောင်တွင် ကြွေကျနေသည်မှာ ဟိုတစ်လုံး သည်တစ်လုံး ပြန့်ကျဲနေသည်။ သည်ဆီးသီးမျိုးတွေက သကြားမျိုး။ ကျွန်တော်တို့ငယ်စဉ်က စိုက်ပျိုး၊ ရေလောင်း ပေါင်းသင် ပြုစုခဲ့ရသောအပင်များပင်ဖြစ်သည်။ ဆီးသီးကိုမြင်တော့ မနေနိုင်၊ အနီးဆုံး ဆီးသီးတစ်လုံးကို ကောက်ယူမြည်းစမ်းလိုက်သည်။ ချိုလိုက်သည်ဖြစ်ခြင်း၊ အရည်ကလည်းရွှမ်းပ၊ သွားရည်များပင် ထိန်းမရ,သိမ်းမရ ဖြစ်သည်။

ဆီးသီးအရသာကို ခံရင်း ဆရာတော် ကျိန်း စက် ရာ ကျောင်းမကြီးဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ဆရာတော်ကို မမြင်၊ ကုက္ကိုပင်ကြီးအောက်၌ ထင်းခွဲနေသော ဖိုးသူတော်ကြီးကိုသာ တွေ့ရသည်။ ကျွန်တော်လည်း ဖိုးသူတော်ရှိရာသို့ စိုက်စိုက်မတ်မတ်သွားရင်း ဆရာတော်ကို မေးသည်။ ဖိုးသူတော်ကို ကျွန်တော် သေသေချာချာကြည့်မိတော့ စိတ်ထဲတွင် မြင်ဖူးသလို ခံစားမိသည်။ ဖိုးသူတော်က အထွေအထူး



ဘာစကားမျှမဆို ဆရာတော်ရှိရာကျောင်းမကြီးအောက်သို့ လက်ညှိုးထိုး ညွှန်ပြလေသည်။

ကျွန်တော်လည်း ဖိုးသူတော် ဘယ်သူဘယ်ဝါ ဖြစ်သည်ကို ကြာရှည်မစဉ်းစားအား၊ ဆရာတော်ရှိရာသို့သာ ဆက်သွားမိတော့သည်။

ဆရာတော်ထံရောက်တော့ ဆရာတော်က ကျွန်တော့်ကို ကြည့်ပြီး ဝမ်းသာအားရ စကားဆိုနေသည်။ ရန်ကုန်အကြောင်းတွေ မေးသည်။ ကျွန်တော်ကလည်း ဆရာတော် မေးသမျှကို ဖြေကြားရင်း မိမိသိချင်သော ကျောင်း၏သွမ်းကိစ္စ၊ ရပ်ရေး၊ ရွာရေး၊ အစုံမေးလျှောက်သည်။ ညှိသို့ဖြင့် ထင်းခွဲနေသော ဖိုးသူတော်ကြီး အကြောင်းကို မေးတော့ ဆရာတော်က ကျွန်တော့်ကို တအံ့တဩကြည့်၍ ဖြေသည်။

'ချေစ်လေကွာ၊ ချေစ်-မင်းမသိဘူးလား'

ဒီတော့မှ ကျွန်တော့် စိတ်ထဲတွင်ရေးရေးထင်လာသည်။ ချေစ်ဆိုသည့် ကိုချစ်။ ကျွန်တော်တို့ ငယ်ရွယ်သူများက ကိုချစ်ဟု ခေါ်သော်လည်း ကြီးသူ လူကြီးပိုင်း ရွယ်တူများက ချေစ်ဟုသာ ခေါ်ကြသည်။

'ဘယ်လိုဖြစ်သွားတာလဲ ဘုရား'

'ဟ-အကျွတ်တရားရသွားတာလေကွာ၊ သူ့အကြောင်း ငါတပည့် မသိသေးဘူးကိုး၊ ပြောရမှာပေါ့၊ သိပ်ခဲမဝက ယူဖို့ကောင်းတာ၊ ငါ့တပည့်က စာလေးပေးလေး[illegible]နေတာဆိုတော့ အကြောင်းအရာလေးလဲ ရတာပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆရာတော်ထံမှ မမျှော်လင့်သော စကားကို ကြားရ၍ ဝမ်းသာသွားသည်။ ယော်စဉ်က ကိုချစ် ဘဝ အကြောင်းကို သိသင့်သလောက်သိပြီး ဖြစ်သော်လည်း ယခု ဖိုးသူတော် ချစ်အကြောင်းကား ကျွန်တော်နှင့် အလှမ်း ကွာနေခဲ့ပြီ မဟုတ်ပါလော။

* * *

သူ့နာမည်က ချစ်၊ ချစ်နေတာက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်းက ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံမှာ ရှိတဲ့ ဆင်မရဲကျေးရွာလေးပေါ့။

ကျေးရွာဆိုပေမယ့် အသင်တော့မသေးနဲ့။ 'အထက်မှာ အုတ်နဲ၊ အောက်မှာ ဆင်မရဲ' စာဆိုနဲ့အညီ လူချမ်းသာတွေ ပေါတယ်။ အဲဒီလူချမ်းသာတွေထဲမှာ ချစ် မိဘများလည်း အပါအဝင်ပေါ့။ ချစ် အဖေ အမည်က ဦးစိန်၊ အမေ အမည်က ဒေါ်စိန်ညိုတဲ့။ ချစ်က တစ်ဦးတည်းသော သား။ ရှားရှားပါးပါး ဒီသားတစ်ယောက်သာ ထွန်းကား တော့ မိဘများက ချစ်လိုက်တာ တုန်လို့ပေါ့၊ ကြည့်ပါ လား။ သူတို့သား အမည်ကို ရွေးတာတောင် 'ချစ်' တဲ့။ မောင်ချစ်ပေါ့လေ။ ဒါပေမယ့် ရွာသူရွာသားတွေကတော့



ချစ်လို့ပဲ ခေါ်ကြတယ်။ မိဘများကလည်း တတ်နိုင်ကြ တော့ အလိုလိုက်ကြတာလည်း ကမ်းကုန်အောင် ဆိုပါတော့။ ဒီတော့လည်း ချစ်က ကိုယ်ထင်ရာကိုယ်စိုင်းတယ်၊ ထင်သလို ကဲချင်တိုင်းကဲပြီး ဆိုးလိုက်တာလည်း တာတောလန့်ရော။

ချစ် အရွယ်ရောက်လာတော့ မိဘတွေ ထိန်းမနိုင်၊ သိမ်း မနိုင် ဖြစ်လာကြတယ်။ ချစ်က မိဘ လက်ငုတ်လက်ရင်း ဖြစ်တဲ့ တောင်သူလုပ်ငန်းကို စိတ်မဝင်စားဘူး၊ သူ စိတ်ဝင် စားတာက အရက်သောက်မယ်၊ ဖဲရိုက်မယ်၊ လေးကောင်ဂျင် ထိုးမယ်၊ ကြက်တိုက်မယ် ဒါပဲ။ ဒီအလုပ်တွေထဲမှာ ချစ် စိတ်ဝင်စားဆုံးနဲ့ဝါသနာအပါဆုံးအလုပ်က ကြက်တိုက် တဲ့ အလုပ်ပဲ၊ ကြက်တိုက်တဲ့နေရာမှာတော့ကျွမ်းတယ်။ ကြက် အကြောင်းလည်း တော်တော် နားလည်တယ်။ ကြက်ကို ကိုယ်တိုင်မွေးတယ် ကုတယ်။ ကြက်တစ်ဝိုင်း လောင်းကြေး ကလည်းမသေးဘူး၊ တစ်ပွဲသောင်းကြေး လေးငါးသောင်း အထိ ကြေးရှိတယ်။

ချစ် မိဘများခမျာ သားမိုက်ကို ဖျောင်းဖျမရ၊ ဆုံးမ မရလို့ သားကြောင့် စီးပွားရေးအခြေအနေတွေ ယိမ်းယိုင် လာတယ်။ စိတ်ထောင်းတော့ကိုယ်ကြေဆိုသလို ချစ် အမေ ဒေါ်စိန်ညိုခမျာ နှလုံးရောဂါ စွဲကပ်လာတယ်။

အဖေဖြစ်တဲ့ ဦးစိန်က ကြံရာမရတဲ့အဆုံး သားဖြစ်သူ ခြေငြိမ်ပါစေတော့ ရယ်လို့ မိန်းမပေး စားလိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်က မိန်းမရတော့ ကံကောင်းသား။ အသားဖြူဖြူ ရုပ်ရည်ချောချောလေး။ ပြီးတော့ ရွာရဲ့ ကွမ်းတောင်ကိုင် မအေးမိနဲ့အကြောင်းပါတယ်။ ဒါလည်း ချစ် အစွမ်းတော့ မဟုတ်ဘူး။ မိဘတွေအစွမ်းပါ။ မအေးမိက ချစ်ဆို အော့ကြောလန်မို့ ဝေးဝေးကရှောင်တာတဲ့။ ခုဟာကလူကြီးချင်း ပြီးကြတဲ့ကိစ္စ။ မအေးမိမဟုတ်သာလို့ သာခေါင်းညိတ်ရတာတဲ့။ မအေးမိပဲ ချစ်ကိုရှောင်တာမဟုတ်ဘူး၊ တစ်ရွာလုံးမှာ ရှိတဲ့ မိန်းကလေးတွေအားလုံးက နှာခေါင်း ရှုံ့ကြတယ်။ ဘာပဲဖြစ်ဖြစ် ချစ်ကတော့ မအေးမိကိုပိုင်သွားတာအမှန်။ ချစ်နဲ့ မအေးမိက လုံးလုံးမှမလိုက်ဖက်ဘူး။ ဟို-မင်းကုသနဲ့ ပပဝတီ ပုံခိုင်းနဲ့နှိုင်းရသလို ရုပ်ရည်က ကွာတယ်။

* * *

ချစ် အိမ်ထောင်ကျသွားပြီဆိုတော့လည်း ခြေငြိမ်သွားသလိုပဲ၊ ချစ်ရဲ့ဆိုးသွမ်းမှု သတင်းတွေ ရွာထဲမှာ မကြားရသလောက်ပါပဲ။ ဟိုတုန်းကများ ထစ်ခနဲ စီခနဲဆို ဘာဖြစ်တာတုံး၊ ဘယ်သူနဲ့တုံးလို့ မမေးနဲ့၊ မေးစရာမလိုပဲသိတယ်။ ချစ်နဲ့ဖဲဝိုင်းမှာ၊ အရက်ဝိုင်းမှာ၊ ဂျင်ဝိုင်းမှာ ရန်ဖြစ်ကြတာတဲ့လို့ ကြားရတော့တာပဲ။



ခုတော့ ချစ် ဘော်တော် ငြိမ်သွားတယ်။ တစ်ရွာလုံးကလည်း ချစ်ကို အထိန်းကောင်းတဲ့ မအေးမိကို ချီးကျူးကြတယ်။ ဒါပေမယ့် ချစ် ဝါသနာကြီးလွန်းတဲ့တိုက်ကြက်မွေးတဲ့ အလုပ်ကတော့ မရပ်သေးဘူး၊ ကြက်မွေးတယ်၊ ကြက်တော့ မတိုက်တော့ဘူး။ မအေးမိကလည်း မွေးတာလောက်ကတော့ ခွင့်ပြုတယ်။

တစ်နေ့ပေါ့။ ချစ် ငယ်ချောဂါ ပြန်ထလာတယ်။ ချစ် ငယ်ချောဂါ ပြန်ထလာရတဲ့ အကြောင်းက သူ့အိမ်နဲ့ ပဲခင်း နှစ်ခင်း (ပေ ၂၀၀)လောက် ခြားတဲ့ ကိုလှမောင်ရဲ့ တိုက်ကြက် မြစိမ်းကို ချစ်မွေးထားတဲ့ တိုက်ကြက်က နယ်ကျော်ပြီး သွားခွပ်လိုက်တာ မြစိမ်းရဲ့ ဘယ်ဘက်မျက်လုံး ထွက်သွားတယ်။ ကိုလှမောင်ဆိုတဲ့လူကလည်း နယ်နယ်ရရမဟုတ်ဘူး။ သူတို့ရဲ့လောင်းကစားသမားလောကမှာတော့ မြွေပွေးလှမောင်လို့ အမည်ရထားတဲ့ လူမိုက်လူဆော၊ ချစ်လည်းသူ့တိုက်ကြက်ရဲ့ အစွမ်းကို အံ့ဩမဆုံးပေါ့၊ တစ်ရွာလုံးကကြက်သမားတွေလည်း ချစ်ရဲ့တိုက်ကြက်ကို စိတ်ဝင်စားလာကြတယ်။ ဒီမှာတင် ချစ်ရဲ့တိုက်ကြက် အလိုလိုနေရင်း 'ပဲခင်းကျော်' ဆိုတဲ့ ဘွဲ့ထူး အမည်နာမကြီးကို ဆွတ်ခူး ရရှိသွားတယ်။ ချစ်ကြက် နှိပ်ထည့်လိုက်တဲ့ မြစိမ်းကလည်း နယ်နယ်ရရ ကြက်မှ မဟုတ်တာ၊ ဒီနယ်မှာတော့ ငါးပွဲလောက် စားပြီးပြီ။ မြစိမ်းဆိုရင် လေးရာပြည့်၊ ခွေးဆောင့် ငါးလံ၊ ငါးမြှာခလေး၊ ပြီးတော့ အနောက်ဘုန်း တစ်ကြောက ကြက်သမားတွေဖိန့်ဖိန့်တုန်အောင် ကြောက်ကြတာ၊ အဲဒီအချိန်မှာ မြစိမ်းကို ယှဉ်ပြိုင်တိုက်ခံ့တဲ့ ကြက်ကရှား[illegible]ဝတီမြစ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက် ကမ်းက သိမ်ဖြူဝ၊ ဒလေးအိမ်တန်း၊ ခြောက်ဦး သားနယ်ဘက်တွေကသာ ယှဉ်ဝံ့တာ၊ တစ်ဝိုင်းလောင်းကြေး ကသိန်းဂဏန်းမှာ၊ မြစိမ်းက ငါးဝိုင်းလောက် ငွေတွေသိမ်း ပိုက်ပြီးသား၊ ဒီတော့လည်း မြစိမ်း နာမည် ထင်ပေါ်သင့် တာပေါ့။

ခုတော့ ငချစ်ရဲ့ ဘာမဟုတ်တဲ့ ခွပ်လက် မရသေးတဲ့ ပဲခင်းကျော်နဲ့ကျမှ မြစိမ်း မရှုမလှ ခံသွားရတာ။ စည်းဝိုင်း အပြင်ဘက်မှာ မြစိမ်းကို အနိုင် ပိုင်းလိုက်တဲ့ ငချစ်ရဲ့ ပဲခင်း ကျော် တန်ဖိုးတွေ တက်လာလိုက်တာ ယခုလက်ငင်း တစ် သောင်းပေးပြီး ဝယ်မည့်သူကအသင့်။ ဒီတော့လည်း မအေး မိက ကြက်တစ်ကောင် ရောင်းတာ ငွေတစ်သောင်းတောင် ရမယ်ဆိုတာ မက်သည်ပေါ့။ ငချစ်ကို တွင်တွင်ကြီး ရောင်းဖို့ တိုက်တွန်းပေမယ့် 'ငါ့မိန်းမက တယ်အတာပဲ၊ ငါ့ကောင် ကြီးက ငွေတစ်သောင်းမက တန်ဖိုးရှိတယ်ကွ။ မတော် သိန်း ဂဏန်းတော့ အသာလေးပဲ ရမှာ' လို့ ချေးသိပ်တယ်။ ဒီလိုနဲ့ ငချစ် သူ့ကြက်ကြီး တပွေ့ပွေ့ တပိုက်ပိုက်ဖြင့် ကြက်သမား ကြီးဘဝ ရောက်လာပြန်တယ်။

ငချစ် ငယ်ရောဂါ ပြန်ထလာပြီဆိုတော့ မအေးမိလည်း သိန်းမရတော့ဘူး။ မိဘပြောတော့ တစ်လ၊ မယားပြော တော့ တစ်ညဆိုတဲ့ ဆိုထုံး မအေးမိ လက်မခံချင်တော့ဘူး။ ပြောရသော ညပေါင်းက များပြီ။ ကြာတော့ လင်မယား ရန်ဖြစ်ပြီး လူကြားဘာသာအဖတ်တင်တယ်။ ဒီတော့ မအေး



မိလည်း ဖြစ်ချင်တာဖြစ်တော့ အနေနဲ့ လွှတ်ထားရတော့ တယ်။ ဒီတော့ ငချစ်က ပိုဆိုးတယ်။ အရက်ကို မိုးမလင်း ခင်က ထ,သောက်တယ်။ တစ်နေ့လုံးမူးတယ်။ ကြာတော့ ဦးလေး၊ အဒေါ်များက 'ငချစ်ရာ မင်းသောက်တာ လွန် လွန်းတယ်၊ လျှော့ဦး၊ ကြာရင် မင်း ဒုက္ခရောက်လိမ့်မယ်' လို့ အကြိမ်ကြိမ် ဆုံးမပြောဆိုတယ်။ ငချစ်ကတော့ မှတ်လေ သည့် ငါးပိ ရှိလေတောင်မထင်။ သူ့ကျင့်စဉ်အတိုင်းသာ ဆက်ပြီး စခန်းသွားတယ်။

ကြာတော့ ငချစ်ကို အရက်ကဆုံးမပြီ။ မသောက်ရ မနေ နိုင်၊ သောက်တော့လည်း အသည်းကလက်မခံ၊ ပြန်အန် တယ်။ အန်တဲ့အခါကိုင်း သွေးတွေပါလာတယ်။ ငချစ် သွေးကိုမြင်တော့ အသန့်ကြီးလန့်တယ်။ ဆရာဝန်က အရက် ဖြတ်ဖို့ အကြိမ်ကြိမ်ပြောတယ်။ ဒါပေမယ့် ငချစ် အရက် ဖြတ်လို့ မရဘူး။ အရက်ရဲ့ကျေးကျွန် ဖြစ်နေပြီ။ ငချစ် သေရမှာတော့ ကြောက်တယ်။ အရက်ကိုမဖြတ်ရင် ငါသေရ တော့မယ်ဆိုတာလည်း ငချစ်ကြီး သိနေတယ်။ ခုတော့ အကြံ ထိုက်ပြီး အမှန်လမ်းကိုလိုက်ဖို့ သတိဝင်လာသလိုတော့ ရှိ တယ်။ အရက်ဒုက္ခ ဖိစီးလေတိုင်း အမေကို တ,တယ်၊ ဘုရား ကို သတိရတယ်။ သတိဝင်တဲ့အတိုင်း ကြိုးစားကြည့်တယ်။ ဒါပေမယ့် မိမိစိတ်ကိုမနိုင်တော့ မအောင်မြင်ဘူး။ ဒီအချိန် ရွာထဲက ဘုရားသမားကြီး ဦးလေးမြိုင်က အကြံပေးတယ်။ 'ငချစ်ရာ မင်းတကယ်အရက်ဖြတ်မယ်ဆိုရင် ရွှေပေါ်ကျွန်း ကို သွား၊ ရွှေပေါ်ကျွန်း ဆရာတော်ထံမှာ မင်းလို အရက်

www.burmeseclassic.com



ဖြတ်တဲ့သူတွေ အများကြီးပဲ၊ တချို့လဲ အရက်ဖြတ်ပြီး လူကောင်းသူကောင်းတွေ ဖြစ်နေပြီလို့ ဆိုတယ်။ ချေစ် စဉ်းစားကြည့်တယ်။ ရွှေပေါ်ကျွန်းကို ချေစ်သိတယ်။ ကြားလည်း ကြားဖူးတယ်။ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ ရေစကြိုစသော နယ်တွေက သောက်စား မူးရူး ဆိုးပေနေသူတွေ ရွှေပေါ်ကျွန်းဆရာတော်ထံရောက်ရင်လူကောင်းသူကောင်း တွေ ဖြစ်သွားကြတာများတယ်။ ဒီတော့ ချေစ် ရွှေပေါ်ကျွန်း ဆရာတော်ထံသွားဖို့ စိတ်ကူးမိတယ်။ ခက်သည်က ချေစ်စိတ်။ ချေစ်စိတ်က မဝံ့မရဲ၊ မိမိရဲ့ဘဝကုသိုလ် အစွန်း -ာင်းများကို ရွှေပေါ်ကျွန်း ဆရာတော်ထံမှာ ချွတ်ပါသော်မှ ကျွတ်ပါမည်လားပေါ့၊ အတွေးနစ်နေတယ်။

အဲဒီနေ့၊ အဲဒီနေ့က ချေစ်ဘဝကို အပြောင်းလဲကြီး ပြောင်းလဲတဲ့နေ့ပေါ့။ အဲဒီနေ့မှာ ချေစ် အရက်ရဲ့ဒဏ်ခတ်မှုကို အပြင်းအထန် ခံရတဲ့နေ့။ တစ်ရွာလုံးကလည်း ချေစ် တစ်ယောက်တော့ ဝဋ်ကျွတ်သွားပြီ၊ ဘဝပြောင်းသွားပြီလို့ မှတ်ယူထားကြတယ်။ ချေစ်ရဲ့ဇနီး သားသမီးတွေကလည်း ကမ္ဘာပျက်သလိုမျိုး ငိုယိုကြတယ်။ ကျေးရွာဆိုတာကလည်း သာရေးနာရေးဟဲ့ဆို တစ်ယောက်မှဦးမလေးကြဘူး၊ ကူညီကြဖို့ အဆင်သင့်ပဲ။ အဲဒီအချိန်က ညနေ ၄ နာရီလောက်၊ နေထန်းတစ်ဖျား အချိန်လောက်မှာ ချေစ် သေပြီဆိုတော့ ရွာထဲကလူတွေအချို့က မအေးမိတော့ ဝဋ်ကျွတ်တာပေါ့ လို့ ပြောတဲ့သူက ပြောကြတာပေါ့၊ ဟုတ်တော့လည်း ဟုတ်ပါရဲ့၊ သားဆိုးအမေ တတေတော၊ လင်ဆိုးမယား တဖား



ဖားဆိုသလိုပါပဲ။ ပေါက်တူးပေါက်၊ ထွန်ယက်၊ ဆေးခိုက်၊ ပဲနုတ် မအေးမိပဲ။ ချေစ်ကတော့ သည်အလုပ်တွေမလုပ်ဘူး၊ သူ့အလုပ် မဟုတ်ဘူးလို့တောင် မှတ်ထားတယ် ထင်ရဲ့၊ နည်းနည်းလေးမှ မကူဘူး။ ဂရုမစိုက်ဘူး။

လူတစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံရေး ကောင်းမကောင်း သိချင်ရင် အဲသည်လူရဲ့ သာရေး,နာရေးကိစ္စကို ကြည့်တဲ့။ ချေစ်က အပေါင်းအသင်းတော့ပြည့်ဘယ်လို့ဆိုရမှာပဲ။ ချေစ် အသုဘက စည်ကားတာပဲ။ ချေစ် သေပြီဆိုတော့ လာလိုက်ကြတဲ့ အပေါင်းအသင်းတွေ၊ အိမ်ဦးနဲ့ ကြမ်းပြင် ခြေချစရာမရှိဘူး။ ဒါလည်း ဆန်းတော့ မဆန်းဘူး။ ချေစ် အပေါင်းအသင်းတွေက ကောင်းတဲ့သူမှမရှိတာ၊ ဖဲသမား၊ ကြက်သမား၊ လောင်းကစားသမားတွေပဲဟာ။ လောင်းကစားဆိုတာ သည်လိုနေရာမျိုးမှာ သူတို့အတွက် အကိုက်ပဲပေါ့။ အသုဘကို အကြောင်းပြုပြီး ဖဲရိုက်ကြမယ်၊ သည်အစဉ်အလာက အညာဘက်က အလေ့အထတစ်ခုလို ဖြစ်နေပါပြီ။

ည ၈-နာရီရှိနေပြီ။ ဖဲဝိုင်းကလည်း ကောင်းလိုက်တာ။ ပိုကာဝိုင်း၊ ကိုးမီးဝိုင်း၊ တစ်ချပ်မှောက် သုံးလေးဝိုင်းလောက် ရှိတယ်။ ဆေးလိပ်ကလည်းချမလောက်၊ ရေနွေးအိုး ဆိုတာ ကလည်း ဆန့်လေးပြည့်ချင် ဒန်အိုးနဲ့ တည်သားရတယ်။ ဖဲဝိုင်းက အကောက်တွေကလည်း သောက်သောက်လဲ [illegible] တယ်။ သည်အချိန်မှာတော့ ချေစ်ရဲ့ ရုပ်အလောင်းကြီးက အိမ်ဦးကြမ်းပြင်မှာ ပက်လက်၊ ဇာခြင်ထောင်ပါးပါးလေး ချထားတယ်။ ဇာခြင်ထောင်ကိုဖောက်ပြီး ချေစ် အလောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို အထင်းသားမြင်နေရတယ်။ ဒါပေမယ့် ဘယ်သူ ဦး တစ်ယောက်မျှ ဂရုမစိုက်အားဘူး။ ဖဲပွင့်နဲ့ ကြိုကာရုပ်၊ ကုလားရုပ်တွေရဲ့ ဆွဲဆောင်အားက ပိုကောင်းနေတယ်။

သည်အချိန်မှာ ချစ် အလောင်းကြီးက 'အား' ခနဲအော် ပြီး ဇာခြင်ထောင်ထဲမှာ ချစ်ကို ငုတ်တုတ်တွေ့ရတယ်။ သည်အသံကြားတော့ လူတွေအားလုံးက ညှိမထားတဲ့ တစ် ပြိုင်တည်း ချစ် အလောင်းရှိရာကို မျက်စိရောက်သွားကြ တယ်။ ချစ်ကို ခြင်ထောင်ထဲမှာ ထိုင်လျက်သားတွေ့တော့ ဖဲဝိုင်းကလူတွေဆော အိမ်သားတွေပါ လန့်အော်ပြီး ထွက် ပြေးကြတယ်။ တစ်ရွာလုံးလည်း ပွက်လောရိုက်သွားတယ်။ အတန်ကြာတော့မှ ရွာဦးကျောင်းက ဆရာတော်နဲ့ လူကြီး တွေ ချစ်အိမ်ကို အရဲစွန့်တက်ခဲ့ကြတယ်။ အိမ်ပေါ်ရောက် တော့ မျက်နှာတစ်ခုလုံးချင်းချင်းနီတဲ့သွေးတွေနဲ့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီးထိုင်နေတဲ့ ချစ်ကို တွေ့ရတယ်။ ချစ် ကလည်း 'ကယ်ကြပါဦးဗျာ၊ ကျွန်တော် နောက် ကြက် မတိုက်တော့ပါဘူး' လို့ တဆာဆာအော်နေတယ်။ သည် တော့မှ ချစ် တစ္ဆေခြောက်တာမဟုတ်ဘူး၊ သေရွာပြန် တာပဲလို့ လူတွေ တွက်မိကြတယ်။ ရွာဦးကျောင်းဆရာတော် က ချစ်အနားသွားတော့ ဆရာတော့် သင်္ကန်းစကိုဆွဲပြီး 'ဘုန်းဘုန်း ဘုရား၊ တပည့်တော်ကို ကယ်ပါဦး ဘုရား' လို့ အကြိမ်ကြိမ်ပြောဆိုပြီး ဦးချကန်တော့တယ်။ ဆရာတော်က ချစ် ဦးခေါင်းကိုကိုင်ပြီး 'ကျန်းမာပါစေ၊ ချမ်းသာပါစေ' ဆိုပြီး ချစ်ကို မေတ္တာပို့ပေးနေတယ်။ ချစ်ကိုလည်း ဘုရား



သောက်တော်ရေစွန့်ပြီး တိုက်တယ်။ ခဏကြာတော့ ချစ် စိတ်တည်ငြိမ်မှုရလာတယ်။ ချစ် အသံတွေက တုန်ယင်မှု ကင်းပြီး စိုးရိမ်ကြောင့်ကြသံတွေ ကြားနေရတယ်။ 'ဘုန်း ကြီး ဘုရား၊ တပည့်တော် မိုက်ပြစ်ကို ခွင့်လွှတ်ပါ၊ တပည့် တော် နောက်မမိုက်တော့ပါဘူး၊ တပည့်တော်ကို ကယ်ပါ' ဟု ဆရာတော်ကို အထပ်ထပ် တောင်းပန်တိုးလျှိုးနေတယ်။

သူ့ကို ဆရာတော်ကျောင်းခေါ်ဖို့၊ သူ သည်မှာ မနေချင် ကြောင်းတွေသာပြောတယ်။နောက်တော့ ဆရာတော်လည်း ချစ်ကို ကျောင်းခေါ်သွားရတော့တာပေါ့။

မိုးလင်းလို့ အရုဏ်တက်တဲ့အချိန်မှာ ချစ်ကို ထူးထူး ဆန်းဆန်း သိမ်ကျောင်းထဲက ဘုရားရှေ့မှာ တွေ့ရတယ်။ ဘုရားဝတ်ပြုနေပုံရတယ်။ဆရာတော်လည်း ချစ်ကို အသာ ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်းက သာဓု သုံးကြိမ် ခေါ်လိုက်တယ်။

သည်တော့မှ ချစ်က သူ့နောက်မှာ ဆရာတော် ရောက် နေတာကို သတိပြုမိတယ်။ ချစ်လည်း ဆရာတော်ကို မြင် မြင်ချင်း ဝတ်ပြုတယ်။ ဘာစကားမှတော့ မပြောဘူး။

ဒါပေမယ့် ချစ် မျက်နှာက ကြည်လင်နေတာကို တွေ့ရ တယ်။

ဆရာတော်က ချစ်ကို စကားစတယ်။ 'ချစ်....မင်းက တော့ သေရွာပြန်ပဲကွ၊ မင်းကိုတစ်ရွာလုံးက သေပြီလို့တွေး ထားကြတာ' ချစ် တွေတွေကလေး စဉ်းစားနေတယ်။ ခဏကြာတော့မှ 'တပည့်တော် သေရွာပြန်မဟုတ်ဘူးဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



ယမမင်းဆီက ပြန်လာတာပါ’လို့ ပြောတယ်။ သည်တော့ ဆရာတော်က ‘ဟော….’လို့ အာမေဋိတ်ထွက်မိပြီး အံ့သြနေတယ်။ ချေစ်ကတော့ ခေါင်းငုံ့ထားတယ်။ ဆရာတော်က ချေစ်ကို အတန်ကြာသည်အထိ စူးစိုက်ပြီး ချေစ်ကို လေ့လာဟန်ရှိရဲ့။ ပြီးမှ ဆရာတော်က ‘မင်းက ဘယ်လို ယမမင်းဆီ ရောက်သွားတာလဲ’လို့ မေးတယ်။ သည်တော့မှ ချေစ်က သူ ပြောမယ့်စကားစုဖို့ ခဏတွေးကစ်ချက်မှိုင်ချပြီး ဆရာတော်ကို လက်အုပ်ချီလိုက်တယ်။ ဆရာတော်လည်း ချေစ် ပြောမယ့် စကားကို အကျအန နားထောင်ဖို့ အနီးအနားမှာရှိတဲ့ ကုလားထိုင်တစ်လုံးပေါ် ထိုင်တယ်။ ချေစ်လည်း ဆရာတော်ရှေ့ တိုးကြီး လူနဲ့ ယမမင်းနဲ့ တွေ့ရတဲ့အကြောင်းကို စတင်ပြောပါတော့တယ်။

* * *

‘ညနေစောင်းကြီးမှာ တပည့်တော်ကို လူနှစ်ယောက် လာခေါ်ကြတယ်ဘုရား၊ တပည့်တော် ဒီလူတွေကို တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးဘူး၊ သူတို့ကလူတွေဆိုပေမယ့် လူနဲ့မတူကြပါဘူးဘုရား၊ အရုပ်ကမြင့်မြင့်၊ အသားကမည်းမည်း၊ မျက်လုံးကပြူးပြူး၊ နှုတ်ခမ်းကထူထူ၊ ဗိုက်ကြီးတွေကပူပူ၊ ဦးခေါင်းမှာလည်း နွားတွေလို ဦးချိုတွေပါတယ်၊ အင်္ကျီမပါဘူး၊ ပုဆိုး အနီကွက်ကြောက်ကြီးတွေကို ခါးတောင်း မြှောင်



အောင် ကျိုက်ထားကြတယ်။ တပည့်တော်လည်း သူတို့ကို မြင်မြင်ချင်းတော်တော်ကြောက်မိတယ်။သူတို့က မင်း ငါတို့ကို မကြောက်နဲ့လို့ပြောတယ်။ တပည့်တော်လည်း ကြောက်ကြောက်နဲ့လိုက်သွားတယ်။ ဟိုရောက်တော့ သူတို့လို လူတွေရှိတဲ့ ကျောက်ဂူကြီးတစ်ခုထဲ ရောက်နေတာကို တပည့်တော် သတိပြုမိတယ်။ ကျောက်ဂူထဲကို တော်တော်လေး ဝင်ရတယ်။ လှေကားသုံးဆင့်လောက် တက်ပြီးတော့မှ သူတို့ရဲ့ ခေါင်းကြီးအကဲ ယမမင်း ဆိုသူကို တွေ့ရတယ်’

‘ယမမင်း ဆိုသူက သလွန်ပေါ်မှာထိုင်နေတယ်၊ အခြွေအရံတွေကလည်း များတယ်။ကျောက်သလွန်အနက်ပေါ်မှာ ခြယ်ထားတဲ့ ရတနာတွေက အရောင်စုံ အသွေးစုံနဲ့ လက်နေတယ်။ ယမမင်းရဲ့ ဦးကင်းပေါ်က ကနောင်းလို့ ခေါ်သလား၊ အဲဒီ ကရောင်းထိပ် တည့်တည့်မှာ ရှိတဲ့ ကြက်သွေးရောင် ပတ္တမြား နီရဲရဲကြီးကတော့ လက်သီးဆုပ်လောက်ရှိ သိမ့်မယ်။ အဲဒီ ပတ္တမြားကြီးက ကြက်သွေးရောင်တွေ ဖြာနေတယ်’

‘ရောက်ရောက်ချင်းပဲ တပည့်တော်ကို ယမမင်းကြီးက [illegible]ရဲ့ အလွန်ပြူးပြီး တွဲကျနေတဲ့ နှုတ်ခမ်းကြီး ပြဲဖြဲ ပြုံးဖြုံးနဲ့ ကြိုတယ်။

အဲဒီမှာ….

‘လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဆုံးသွားတဲ့ တပည့်တော်ရဲ့ အဘိုးဦးပန်း၊ ရွာအနောက်က အရက်ရောင်းတဲ့ ကိုအောင်[illegible]၊ ကလေးမမွေးနိုင်လို့ သေသွားတဲ့ ငါးသည်မကော်မ၊

www.burmeseclassic.com

www.burmeseclassic.com

အမဲသတ်သမား လူရှင်၊ တပည့်တော်နဲ့ သိတဲ့လူ လေးငါးဆယ်ဦးကို တွေ့ရတယ်။ သူတို့လည်း ကယ်ပါယူပါ တဆာဆာနဲ့ အော်ပြီး ဆင်းဆင်းရဲရဲ နေရတယ်၊ တပည့်တော် မျက်လုံးအစုံကို ပိတ်ထားမိတယ်၊ ဒီတော့ ယမမင်းကြီးက မင်းလဲ ဒီတစ်ခါလူ့ပြည်ရောက်ရင် ကောင်းကောင်းနေရင် နေ၊ မနေရင်တော့ ဒီလိုပဲ ဒုက္ခခံရမှာပဲလို့ ပြောတယ်ဘုရား၊ တပည့်တော်ကို ကယ်ပါဦး’

ချစ်က ပြောပြောဆိုဆိုနဲ့ သူ့ပြောလက်စ စကားကို ရပ်ပြီးတော့ ဆရာတော် ခြေအစုံကိုဦးခိုက်တယ်။ဆရာတော်က ချစ်ကို ဖျောင်းဖျတယ်။ ‘ချစ် မစိုးရိမ်ပါနဲ့ကွာ၊ လူဆိုတာ မှားတတ်ကြသူတွေချည်းပါပဲ၊ မင်းတစ်ယောက်တည်းမှ ကွက်ပြီး အကုသိုလ် ဒုစရိုက်မှုကို ပြုတာ၊ ကျူးလွန်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့လုပ်ရပ် မှားတယ်။ ငါလုပ်တာ အကုသိုလ် ဒုစရိုက်မှုပဲလို့ သိတဲ့အချိန်ကစပြီး ပြုပြင်မယ်ဆိုရင် အချိန်နှောင်းတယ်ဆိုတာ မရှိပါဘူး၊ ပြုပြင်ရပါတယ်’

ချစ် ဘာစကားမှ မဆို။ ဆရာတော်၏ ခြေအစုံကိုသာ မျက်နှာအပ်ထားတယ်၊ ချစ်ရဲ့ မျက်ဝန်းအိမ်မှထွက်သော မျက်ရည်များက ဆရာတော်၏ ခြေဖမိုးမှာ နွေးထွေးသွားတယ်။

နောက်တော့ ချစ်ဆန္ဒကိုဆရာတော်ကဖြည့်လိုက်တယ်။ ချစ်ကို ရွှေပေါ်ကျွန်း ဆရာတော်ထံ သွားပို့လိုက်တယ်။ ချစ်ဟာ ဒီလိုနဲ့ ရွှေပေါ်ကျွန်းမှာ ၂-နှစ်လောက် ... အထိ ရွှေပေါ်ကျွန်း ဆရာတော်ရဲ့ အဆုံးအမကို ခံယူတယ်



လူဝတ်ကြောင်ကိုစွန့်ပြီး ပိတ်ဖြူဝတ်နဲ့ သူတော် ချစ် ဖြစ်လာရတော့တာပဲ။

ခုတော့ ရွာကျောင်းဆရာတော်ရဲ့ ကျေးဇူး တရားတွေ စောင့်သိပြီး ကျေးဇူးဆပ်တဲ့ အနေအထားနဲ့ ကျောင်းရဲ့ ဝေယျာဝစ္စအလုပ်တွေကိုလုပ်ရင်း ဘဝရဲ့အမြတ်ကို ရှာနေပြီပေါ့၊ ရနေပြီပေါ့လေ။

ကျွန်တော်လည်း သူတော်ချစ်၏ ဘဝဇာတ်လမ်း ဆုံးသည်အထိ ဆရာတော်အမိန့်ရှိသမျှကို စိတ်ဝင်တစား နားထောင်နေမိသည်။အညာနွေ၏ အပူရှိန်က အမြင့်ဆုံးအမှတ်သို့ ရောက်ပြီထင့်။ ကျွန်တော့်ကိုယ်တွင် ချွေးကလေးများ စို့လာသည်။ ဆရာတော်ချပေးသော ထန်းလက်ယပ်တောင်ကလေးကိုလေခတ်ရင်းမှ ကျွန်တော် သူတော်ချစ် ရှိရာသို့ ကြည့်မိသည်။

သူတော်ချစ်မှာ အလွန်ကြီးမားသော ထင်းမြစ်ဆုံကြီးမှ ထင်းတစ်ချောင်းရဖို့ သဲသဲမဲမဲကြိုးစားနေသည်ကို တွေ့ရတော့သည်။

(ရောင်ပြန်မဂ္ဂဇင်းပါ မောင်သိလ-အညာမြေ-၏ စာမူကို ကူးယူတင်ပြပါသည်။)

★

www.burmeseclassic.com

www.burmeseclassic.com

# တမလွန်ဘဝ ပြဿနာ

ဘီစီ ၆-ရာစုအတွင်း အိန္ဒိယနိုင်ငံသမိုင်းတွင် ဘာသာရေးဝါဒ အသစ်အဆန်းများ ပေါ်ပေါက် လာကြသည်။ ပုရာဏ၊ ကဿပ၊ မက္ခလိ ဂေါသာလ၊ အဇိတကေသကမ္ဗလီ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌိပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ၊ ဗုဒ္ဓဂေါတမဟူသော တွေးခေါ်ရှင် ၇-ဦးတို့သည် ပေါ်ပေါက်လာကြကုန်၏။ သူတို့သည် ရှေးကျသော ဝေဒသဘောတရားနှင့်ဗြာဟ္မဏဝါဒကိုတော်လှန်သော ပုဂ္ဂိုလ်များဖြစ်ကြကုန်၏။ ဤ ၇-ဦးတို့တွင် အထင်ရှားဆုံးပုဂ္ဂိုလ်တို့သည် ဂေါတမနှင့် နိဂဏ္ဌနာဋပုတ္တ (ခေါ်) မဟာဝီရတို့ ဖြစ်ကြကုန်၏။ အောင်မြင်ဆုံးသောဂိုဏ်းတို့သည် ထိုပုဂ္ဂိုလ်နှစ်ဦးတို့တည်ထောင်ခဲ့ကြသည့် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့ ဖြစ်ကြသည်။

အိန္ဒိယနိုင်ငံနှင့်နီပေါနယ်စပ် ဟိမဝန္တာတောင်ခြေတွင် ကောသလမင်း၏လက်အောက်ခံ ကပိလဝတ္ထုခေါ်ပြည်နယ်တစ်ခုရှိသည်။ ထိုပြည်နယ်၌ မျိုးရိုးအားဖြင့်သာကီယဟုထင်ရှားသော မျိုးနွယ်တစ်စုနေထိုင်သည်။ ဘီစီ ၆-ရာစုအလယ်လောက်တွင် ထိုသာကီယလူမျိုးတို့၏ခေါင်းဆောင် ဘုရင်သည် သုဒ္ဓေါဒနဖြစ်သည်။ ကြင်ရာတော်သည် မာယာဒေဝီ



ဖြစ်သည်။ ဘုရင်သုဒ္ဓေါဒနနှင့် မိဖုရား မာယာဒေဝီတို့သည် ဘီစီ ၅၆၃ ခုနှစ်တွင် နီပေါနိုင်ငံအတွင်း လုမ္ဗိနီအရပ် အင်ကြင်းတော၌ သားတော် သိဒ္ဓတ္ထကို ဖွားမြင်လေသည်။

ထိုသိဒ္ဓတ္ထမင်းသားသည် သက်တော် ၁၆-နှစ်အရွယ်တွင် ဒေဝဒဟပြည်နယ် သုပ္ပဗုဒ္ဓဘုရင်၏ သမီးတော် ယသော်ဓရာနှင့် လက်ထပ်သည်။ အလောင်းတော်သည် သက်တော် ၂၉နှစ်အရွယ်တွင် တောထွက်တော်မူပြီး ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယကိုကျင့်တော်မူပြီး ဘီစီ ၅၂၈-လောက်တွင် သဗ္ဗညုတဘုရားအဖြစ်သို့ရောက်တော်မူသည်။ ဗုဒ္ဓဂေါတမသည် သက်တော် ၈၀ ပြည့်၊ ဝါတော် ၄၅ ဝါအရ ဘီစီ ၄၈၃ ခုလောက်တွင် အိန္ဒိယပြည် ကုသိနာရုံ (Kusia) ခေါ်သော အရပ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။

ထိုဗုဒ္ဓဂေါတမသည် သက်တော်ထင်ရှားရှိစဉ်က အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ မဂဓတိုင်း (Bihar)နှင့်ကောသလတိုင်း (Oudh)တို့၌ ၄၅ နှစ်ကာလပတ်လုံး လှည့်လည်ကာ သာသနာပြုခဲ့သည်။ ဗုဒ္ဓဟောကြားချက်များသည် နက်နဲသည်၊ နူးညံ့သိမ်မွေ့သည်။ လူတန်းစားခွဲခြားရေး စနစ်ကိုလည်းကောင်း၊ ယဇ်ပွဲတို့ကိုလည်းကောင်း၊ ဖန်ဆင်းရှင် ဝါဒကိုလည်းကောင်း ရှုတ်ချပယ်ခဲ့သည်။ သတ္တဝါတို့အား ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့တွင် အန္တရာယ်ကင်းပျောက် ချမ်းသာမှုကို ရောက်စေသည့် ဗုဒ္ဓဟောကြားချက်ကိုသာ စနစ်တကျ လိုက်နာကျင့်သုံးပါက ခန္ဓာ ဓာတ်သိမ်း ဒုက္ခငြိမ်းစေနိုင်သည့် ဒေသနာတော်များသာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထို့ကြောင့် နှစ်အနည်းငယ်အတွင်း ဗြာဟ္မဏဝါဒ နှင့် အခြားဝါဒပေါင်းစုံမှ ဗုဒ္ဓဝါဒသို့ လက်ခံပြောင်းလဲ လာသူတို့ အရေအတွက် များပြားလာခဲ့လေသည်။

မှန်၏။ ဗုဒ္ဓမြတ်စွာသည် အခြား မည်သည့်အတွေးအခေါ် ပညာရှင်အမည်ခံပုဂ္ဂိုလ်တို့ မဟောကြားနိုင်သော သတ္တဝါ တို့ ဖြစ်စဉ်ဘဝများကို ကိုယ်တိုင်တွေ့သိမြင်ပြီးလျှင် ခွဲခြမ်း စိတ်ဖြာ ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။ ၎င်းတို့မှာ ရုပ်သက်သက်သာရှိသော ဘဝ၊ နာမ်သက်သက်သာရှိသော ဘဝ၊ ရုပ်နှင့်နာမ် နှစ်ပါးလုံးရှိသောဘဝဟူ၍ သုံးမျိုးရှိပါ သည်။

ဤတွင် ရုပ်သက်သက်သာရှိသောဘဝ၌ စိတ်ခေါ်သော နာမ်တရားသည်ဘယ်ရောက်နေသလဲဟု မေးဖွယ်ရှိပါသည်။ ဤတွင် ဖြစ်တတ်သော သင်္ခါရတရားသည် ပျက်စီးခြင်း သဘောရှိကုန်၏ (ဝယဓမ္မာသင်္ခါရာ) ဟူသော ဗုဒ္ဓ ဟော ကြားတော်မူသော ဒေသနာအရ၊ ရုပ်နာမ် သင်္ခါရ တရား ဟူသမျှတို့သည် ဖြစ်ပေါ်လာပြီးလျှင် တစ်ခဏချင်းပင် ပျက် စီး ပျောက်ကွယ်သွားကြ၏။ ၎င်းရုပ်နာမ် အဟောင်းတို့ကို အမှီပြု၍ အသစ်အသစ် ဆက်လက်၍ဖြစ်နေသော ရုပ်နာမ် အသစ်တို့ကိုသာ တွေ့နေကြရ၏။ ဥပမာ–ဘိုးဘွားတို့သည် အချိန်ကျသောအခါ သေပျောက်သွားကြ၏။ အသစ်အသစ် ဖြစ်ပွားလာသော သားမြေးမြစ်တို့ကိုသာတွေ့မြင်ကြရသကဲ့ သို့ပင် ဖြစ်သည်။ သို့ဖြစ်၍ ရုပ်နာမ်နှစ်ပါးလုံးရှိသောဘဝ၌ မသေမီမှာလည်း ရုပ်နာမ်အဟောင်းများ ခဏမစဲ ပျက်စီး



ပျောက်ကွယ်လျက်ရှိ၏။ အသစ်အသစ် ဖြစ်ပေါ်လာသော ရုပ်နာမ် အသစ်များကိုသာ တွေ့ရ၏။ ထို့အတူပင် သေ သောအခါ၌လည်း ဘဝဟောင်းက ရုပ်နာမ်အားလုံးပင် အကြွင်းမဲ့ ပျက်စီးပျောက်ကွယ်သွား၏။ ဘဝသစ်၌ ရုပ်နာမ် အသစ်များ ဆက်လက်၍ မပြတ်ဖြစ်ပွားသွား၏။ ရုပ်သက် သက်သာ ရှိသော အသညသတ် ဗြဟ္မာဘဝ၌ ဖြစ်သော သူမှာမူကား ဘာဝနာကံ၏အစွမ်းကြောင့် စိတ်နာမ်အသစ် မဖြစ်ပေါ်လာတော့ဘဲ ရုပ်သက်သက်သာဖြစ်လျက်ရှိ၏။

ရုပ်သက်သက်ဖြစ်ပုံမှာ အချို့သော ပုဂ္ဂိုလ်တို့သည် အမှတ်သညာရှိ၍ စိတ်အသိရှိ၍ တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ မိုက်မှားမြင်း၊ စိတ်ဆင်းရဲခြင်း၊ နာကျင်အခံခက်ခြင်းများ ဖြစ်ရချေသည်။ အမှတ်သညာမရှိ၊ စိတ်မရှိလျှင်ကား မဖြစ် နိုင်၊ သို့ဖြစ်၍ အမှတ်သညာမရှိခြင်း၊ စိတ်မရှိခြင်းသည်သာ ကောင်း၏ဟု စိတ်၌အပြစ်မြင်ပြီးလျှင် စိတ်သညာ ကင်း အောင် ရည်သန်လျက် ရူပါဝစရ စတုတ္ထဈာန်ကို ပွားစေ ၏။ ထိုသူအား ထိုဘဝမှစုတေ၍ ရုပ်နာမ်ဟောင်းအားလုံး ပျက်စီးသွားသောအခါ ဘဝသစ်၌ ရုပ်သက်သက်သာဖြစ်၍ စိတ်နာမ်၌ စက်ဆုပ်သော ဘာဝနာကံ၏ အစွမ်းကြောင့် စိတ်နာမ် မဖြစ်ပေါ်လာတော့ဘဲ ကင်းလျက်ရှိ၏။ ကမ္ဘာ ငါးရာပတ်လုံး ထိုဘုံ၌ သစ်သားရုပ် ကျောက်ရုပ်များကဲ့သို့ တည်နေ၏။ သေခဲ့စဉ်က ဣရိယာပုထ် (လျောင်း၊ ထိုင်၊ ရပ်၊ သွား) အတိုင်းပင် မလှုပ်မယှက်ဘဲ တည်နေ၏။ ကမ္ဘာ ငါးရာ စေ့သောအခါ ယခင်သေခါနီးက စွဲလမ်းခဲ့သော

www.burmeseclassic.com

စိတ်အာရုံကိုပင်စွဲလျက် လူ့ဘုံ နတ်ဘုံ၌ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လျက် ရုပ်နာမ်နှစ်ပါးစုံ ဘဝအသစ်ဖြစ်၏။

ဤသို့ ဘာဝနာ၏အစွမ်းကြောင့် စိတ်နာမ်မဖြစ်ပေါ်ဘဲ ပြတ်စဲနေသည်မှာ အသညသတ် ဘဝ၌သာ မဟုတ်သေး။ လူ့ဘဝ၌လည်း ရဟန္တာတို့ အားနိရောဓသမာပတ်ဝင်သော အခါ ဘာဝနာ၏အစွမ်းကြောင့် (၇)ရက်တိုင်အောင် စိတ်နာမ် မဖြစ်ပေါ်ဘဲ ပြတ်စဲနေသည်လည်းရှိသေး၏။ ဘာဝနာ၏ အစွမ်း ထူးခြားပုံကို လက်တွေ့ဖြစ်အောင် ညွှန်ပြရလျှင် ဝိပဿနာ ဘာဝနာတရားကို အားထုတ်နေသောသူများမှာ မိမိတို့ရရှိထားသော တရားထူးသို့ ရောက်နေသောအခါ မြင်မှု ကြားမှု သိမှု ကြံစည်စဉ်းစားမှုစသော သာမန် စိတ်များ ဖြစ်ပေါ်ခြင်း မရှိဘဲ နာရီပေါင်းများစွာပင် ထိုင် လျက် ရပ်တည်နေနိုင်ကြသည်ကို တွေ့ရ၏။ ထိုသို့ သာမန် စိတ်များ ဖြစ်ပေါ်ခြင်းမရှိဘဲ ကြာရှည်စွာ တည်နေနိုင်ကြ သည်ကို ထောက်ဆသောအားဖြင့် ဘာဝနာ၏ အစွမ်းကို ယုံကြည်အပ် ပေ၏။ ဤမျှဖြင့် ရုပ်သက်သက် ရှိသော (အသညသတ်) ဘဝ၌ စိတ်နာမ်ကို လုံးဝမရှိဘဲ တည်နေ ပုံကို သိနိုင်လောက်ပါသည်။

ထို့ကြောင့် ရုပ်သက်သက်သာရှိသော ဘဝနှင့် နာမ် သက်သက်သာရှိသောဘဝတို့ကို ရုပ်ခွဲစမ်းသပ်သော နည်း များဖြင့်ကား တွေ့သိနိုင်ရန် အကြောင်းမရှိပေ။ ဘာဝနာ၏ အစွမ်းဖြင့်သာ ကိုယ်တွေ့သိနိုင်၏။ သို့သော်လည်း နာမ် သက်သက်သာ ရှိသောဘဝ၌ စိတ်ဖြစ်နေဟန်ကို ဆင်ခြင်



ကြည့်လျှင် စိတ်နာမ်၏စွမ်းအားသတ္တိများ ပေါ်လာနိုင်၏။ ထို့ကြောင့် ဆင်ခြင်ကြည့်နိုင်ရန် အနည်းငယ်ဖော်ပြပါမည်။ ထိုနာမ်သက်သက် ဘဝ၌ စိတ်နာမ်သည် ပဋိသန္ဓေမှ ခုထိ တိုင်အောင် စိတ်တစ်ခုပြီးတစ်ခု အသစ်အသစ် ဖြစ်ပျက်နေ ၏။ ဤသို့ ဖြစ်ပျက်နေရာတွင် ရှေးစိတ်တစ်ခု ပျက်သွားပြီး နောက် နောက်စိတ်တစ်ခု ဖြစ်ပေါ်လာစေရန် မှီရာတည်ရာ ဟူ၍ တစ်စုံတစ်ခု ဘာမျှမရှိပေ။ သို့သော်လည်း ပျက် သွားသော ရှေးရှေးစိတ်၏ အဟုန်အစွမ်းကြောင့် နောက် နောက်စိတ်များ မပြတ်သက်၍ဖြစ်နေ၏။ ဤနေရာ၌ အရေး ကြီးသော ကိစ္စတစ်ခုကို စူးစူးစိုက်စိုက် ကြံစည်နေခိုက်မှာ ကြားစရာအသံတွေရှိနေသော်လည်း ကြားသောစိတ် မဖြစ် ပေါ်ရဘဲ ကြံစည်သောစိတ်ချည်းသာ ဆက်လက် ဖြစ်နေ တတ်သည်ကို ထောက်ဆကြည့်လျှင် ရှေးရှေး စိတ်အဟုန် ထက်မြက်ပုံကို သဘောပေါက်နိုင်၏။ သို့ဖြစ်၍ နာမ်သက် သက်သာ ရှိသောဘဝ၌ မှီသတ္တိမှာလည်း ရှေးရှေးစိတ်၏ အဟုန်သက်သက်ကြောင့်နောက်နောက်စိတ်များဖြစ်နေပုံကို သဘောပေါက်နိုင်လျှင် သိဘာပမှ သေသွားသောအခါ၌ လည်း နောက်ဘဝ၌ မှီရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရှေးဘဝက စိတ်၏အဟုန်ကြောင့်ပင်လျှင် နောက်ဘဝမှာ ပဋိသန္ဓေစိတ် ဖြစ်နိုင်သည်ကို သဘောကျဖို့ရှိ၏။ ဤသည် ကား စိတ်နာမ်တရား၏ စွမ်းရည်သတ္တိကို ချင့်ချိန်နိုင်ရန် အနည်းငယ် ဖော်ပြခြင်းသာ ဖြစ်သည်။ ဤတွင် စိတ်နာမ် သက်သက်ဖြစ်နေသော ဘဝက သတ္တဝါကို မျက်စိဖြင့် မြင် တွေ့နိုင်ပါသလား၊ အဘယ်ကြောင့် စိတ်ချည်းသက်သက်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသနည်း၊ ထိုသို့ ဖြစ်နေသည့်အတွက် မဆင်းရဲပါလားဟု မေးဖွယ်ရှိ၏။

နာမ်သက်သက်သာရှိသော အရူပဘုံမှာ လေးဆင့်ရှိပါသည်။ ရူပါဝစရဈာန်လေးပါးကိုရပြီးသောသူသည် ရုပ်ရှိ၍ ရောဂါအမျိုးမျိုးဖြစ်ရသည်။ အရိုက်အနှက် အသတ်အဖြတ် အနှိပ်စက်ခံရသည်။ ရုပ်မရှိလျှင် ထိုသို့သော ဆင်းရဲများ မဖြစ်နိုင်။ သို့ကြောင့် ရုပ်မရှိတာက ကောင်းသည်ဟု ရုပ်၌ အပြစ်မြင်ပြီးလျှင် ရုပ်ကင်းစေရန် ရည်သန်၍ အရူပဈာန်လေးပါးကို ပွားစေ၏၊ ထိုသူသည် ထိုဘဝမှ စုတေသော အခါ အရူပလေးဘုံဘွင် မိမိရထားသောဈာန်နှင့်ဆိုင်သည့် ဘုံ၌ ဖြစ်၏။ ဖြစ်သောအခါ ဘာဝနာ၏ အစွမ်းကြောင့် ရုပ်မဖြစ်ပေါ်လာဘဲ စိတ်နာမ်သက်သက်သာဖြစ်ပေါ်လျက် ရှိ၏။ ထိုစိတ်နာမ်ထဲတွင် မခံသာသော ဆင်းရဲ မပါပေ။ ချမ်းသာကြည်လင်သောစိတ်နှင့် အလယ်အလတ် နေသာသော စိတ်ကောင်းချည်းသာ ဖြစ်သည့်အတွက် ဆင်းရဲခြင်း မရှိပေ၊ ချမ်းသာလျက်သာရှိပေသည်။ ထို့ပြင် စိတ်နာမ် တရားမှာ မျက်စိဖြင့်မြင်နိုင်ကောင်းသောတရားမဟုတ်သော ကြောင့် စိတ်နာမ်သက်သက်သာရှိသော ပုဂ္ဂိုလ်ကို ပကတိ မူလမျက်စိဖြင့် မည်သူမျှမမြင်နိုင်။ ဗုဒ္ဓမြတ်စွာဘုရားတို့သည် သာလျှင် သဗ္ဗညုတဉာဏ်ဖြင့်သိမြင်နိုင်ပေသည်။ ထို အရူပ ဘုံ၌ မျက်စိရုပ်၊ နာမ်ရုပ်၊ နှာခေါင်းရုပ် စသည်တို့ ဘာရုပ်မျှ မရှိပေ။ သို့ကြောင့် ဘုရားကိုလည်း မဖူးမြင် မကြည်ညိုနိုင်၊ တရားမနာနိုင်ကြ။ သို့ကြောင့် ထိုဘုံသို့ ပုထုဇဉ်ပုဂ္ဂိုလ်များ ရောက်သွားလျှင် ထိုဘဝ၌ မဂ်ဖိုလ် တရားထူးကို မရနိုင်။



အသက်တမ်းစေ့၍ ထိုဘဝမှ စုတေလာသောအခါ လူ့ဘဝ၊ နတ်ဘဝသို့ရောက်လာရသည်။ ထိုအခါ၌ အခြားသူများနှင့် ဘန်းတူပင်ဖြစ်နေပြန်၏။ အကယ်၍ လူ့ဘဝ၊ နတ်ဘဝ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီးမှ ထို အရူပဘဝ၌ ဖြစ်ပါမူကား ထို အရူပဘုံများမှာပင် အထက် မဂ်ဖိုလ်အဆင့်များကိုရကာ ရဟန္တာဖြစ်၍ ထိုဘုံများမှာပင် ပရိနိဗ္ဗာန်ဝင်စံရပါသည်။

## ပဋိသန္ဓေစိတ်

သေသွားသော သတ္တဝါမှာ ရုပ်ရောနာမ်ပါ ပျက်စီးသွားသော်လည်း သေခါနီး စွဲလမ်းခဲ့သော ရှေးစိတ်များ၏ အစွမ်းကြောင့် နောက်ဘဝ ဌာန၌ စိတ်အသစ် ဆက်စပ်လျက် ဖြစ်သွားပြန်၏။ ၎င်းကို ပဋိသန္ဓေစိတ်ဟု ခေါ်ပါသည်။ ဖြစ်ပုံမှာ....

သေခါနီးသို့ရောက်နေသောသတ္တဝါသည် မိမိ ပြုထားဖူးသော ကောင်းမှုကံ, မကောင်းမှုကံတစ်ခုခုကို ဖြစ်စေ၊ ဖြစ်ရမည့် နောင်ဘဝအခြေအနေကို ဖြစ်စေ သင်မြင်စွဲလမ်းလျက် ရှိနေ၏။ ထိုအာရုံကိုအလိုမရှိသော်လည်း ထိုအခါမျိုးမှာ ပယ်ဖျောက်၍မရ။ ထို့ကြောင့် သေခါနီး၌ မိန်းမေ့တွေဝေနေသောသူတို့တွင် တချို့မှာ ဝမ်းသာစရာ၊ တချို့မှာ ပျော်ရွှင်စရာများနှင့် တွေ့နေသကဲ့သို့ လည်းကောင်း၊ ထူးထူးခြားခြားဖြစ်နေသည်ကို အနီးအပါးရှိသူများက ထင်ရှား တွေ့ရလေသည်။ တချို့မှာ မိန်းမောတွေဝေရာက

www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်သတိရလာသောအခါ ဘယ်လိုလူက ခေါ်သွားသည်၊ ဘယ်နေရာကိုရောက်သွားသည်၊ ဘယ်လိုဟာတွေကို တွေ့ခဲ့ရသည်၊ ဘယ်လိုမြင်ခဲ့ရသည်၊ ကြားခဲ့ရသည် စသည်တို့ကို ပြန်လည် ပြောတတ်ကြ၏။

ဤအရာ၌ ဆရာဝန်တို့က ဦးနှောက်ပျက်ခြင်းကြောင့် တကယ်မဟုတ်ပါဘဲ တကယ် ဟုတ်သလို ထင်မြင်သည်ဟု ယူဆကြပါသည်။ ဗုဒ္ဓကျမ်းဂန်မှာလည်း နှလုံးသွေး ပျက်ခြင်းကြောင့် မဟုတ်သည်ကို အဟုတ်ကဲ့သို့ ထင်ခြင်းလည်း ရှိနိုင်ပေ၏။ ထို့ပြင် သေခါနီးကာလ၌ တစ်ကိုယ်လုံးမှ ရုပ်အားလုံးပင် ပျက်နေသောကြောင့် ဦးနှောက်ရုပ်လည်း ဆုတ်ယုတ်ပျက်စီးမည်မှာ ယုံမှားဖွယ်မရှိပေ။ သို့သော်လည်း ထိုသို့သော အာရုံနိမိတ်များမှာ ကိလေသာ မကင်းသော ပုဂ္ဂိုလ်တို့အားသာ ထင်သည်။ ကိလေသာ ကင်းသော ရဟန္တာတို့အား မထင်ပေ။ ထင်သော ပုဂ္ဂိုလ်တို့မှာလည်း အာရုံဆိုးချည်း ထင်သည် မဟုတ်၊ အာရုံကောင်းများလည်း ထင်တတ်ပါသည်။ မကောင်းမှု၌ အလေ့အလာ များသော ထိုသူအား အများအားဖြင့် အာရုံဆိုးသာ ထင်တတ်၏။ ကောင်းမှု၌ အလေ့အလာများသော သူတို့အား အများအားဖြင့် ကောင်းသော အာရုံများသာ ထင်တတ်၏။ အိပ်မက်ကို မြင်မက်လျှင် အလေ့အကျင့်များရာကို မြင်မက် တတ်သကဲ့သို့ပင်တည်း။ ဝိပဿနာ တရား နိုင်နင်းစွာ အားထုတ်ထားသော သူများကား အာရုံကောင်းကိုသာ ထင်၏။ အာရုံဆိုးများ မထင်ပေ။



ထို့ကြောင့် သေခါနီးကာလ၌ ထူးခြားသော အာရုံနိမိတ်များကို ထင်မြင်ခြင်းမှာ ဦးနှောက် ပျက်သောကြောင့်ဟု မဆိုသာချေ၊ ထိုသတ္တဝါကိုယ်တိုင် ပြုလုပ် လေ့လာထားသော ကံအကြောင်းကြောင့် ထင်မြင်ခြင်းသာ ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် မည်သည့်အကြောင်းကြောင့် ထင်မြင်သောကာလမှ အာရုံကိုမှီ၍သေသွားလျှင်သော် အာရုံကိုအာရုံပြုလျက် ဘဝသစ်ပဋိသန္ဓေစိတ်ဖြစ်ပေါ်ခြင်းမှာကိုမူ သေပင် ဖြစ်၏။ ဥပမာ-ကျွန်းမာစွာ ရှိနေသော သူမှာပင် အာရုံတစ်ခုခု၌ စွဲလမ်းမိလျှင် ထိုအာရုံကိုပင် အာရုံပြုလျက် နောက်နောက်စိတ်များ ဆက်ကာဆက်ကာ ဖြစ်သွားလေ့ရှိခြင်းမှာ ကိန်းသေသကဲ့သို့ပင် မှတ်ရာ၏။

ဤသို့သော အာရုံနိမိတ်များ တစ်ခုခုကို စွဲလမ်းမှုပါ၍ နောက်ဆုံး စုတိစိတ် ဖြင့် ချုပ်ပျက်လျှင် သေသွား၏။ သေသည်ဆိုသည်မှာလည်း အချိန်ကြာကြာ သည့်စိတ်ကလေး တစ်ခု ကုန်ဆုံးသွားခြင်းမျှသာ ဖြစ်သည်။ ထို့နောက် ပြည့်ကြွယ်နေသော ရှေးရှေးစိတ်များ ကုန်ဆုံးသွားတိုင်း ထိုစိတ်များ၏အကျိုးကြောင့် နောက်နောက်စိတ်များ မပြတ် ဆက်စပ်ကာဖြစ်နေသကဲ့သို့ စုတိစိတ်ကလေးပြတ်ခဲ့သွားသည်နှင့် တစ်ပြိုင်နက် သေခါနီး အချိန်က စွဲလမ်းခဲ့သည့် အာရုံပင် ဆက်လက် ထင်မြင်လျက် ဘဝသစ်၌ ပဋိသန္ဓေ စိတ်သစ်စ၍ ဖြစ်ပေါ်လေသည်။

၎င်းကို ရှေးဘဝနှင့် ဆက်စပ်၍ ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်ဟု ခေါ်သည်။ ဤအရာ၌ ရှေးဘဝကစွဲလမ်းခဲ့၍

www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်လက်၍ ထင်မြင်ပုံမှာ အိပ်မက် အထူးအဆန်းကို မြင်မက်ရာက နိုးလာသောသူသည် ထိုအိပ်မက်ကိုပင် ဆက်လက် စဉ်းစားနေသည်နှင့်လည်း တူ၏။ အိပ်ရာက ထလာသောအခါ ပြုလုပ်ရန်ကြံရွယ်ထားသော အရာကို အိပ်ရာမှ နိုးလာသောအခါ ပြန်လည် သတိရသည်နှင့်လည်း တူ၏။ ပဋိသန္ဓေစိတ်သည် ရုပ်ရှိသော ဘုံဋ္ဌာန၌ ဖြစ်လာလျှင် သူ၏ တည်ရာမှီရာ ရုပ်များလည်း ကံကြောင့် သူနှင့်အတူ တစ်ပေါတည်းပင် ဖြစ်ပေါ်လာကြ၏။ ဤသို့ ပဋိသန္ဓေစိတ်ဖြစ်ပေါ်လာလျှင်နောက်ကာလများ၌ သိစရာ၊ ထိစရာ၊ ကြားစရာ၊ မြင်စရာ အာရုံများကို သိလျက်၊ ထိလျက်၊ ကြားလျက်၊ မြင်လျက် စိတ်အမျိုးမျိုးတို့သည်လည်း သိုက်သည်အားလျော်စွာ ဖြစ်နိုင်၏။ ဤကား သတ္တဝါသေပြီး နောက်ဘဝသစ်၌ဖြစ်လာပုံ အကျဉ်းဖြစ်သည်။

## ‘ပဋိသန္ဓေတည်ပုံ’

(၁) မိဘနှစ်ဦးတို့ သံဝါသပြုကြ၏။ (မာတာပိတရောစ သန္နိပတိတာ ဟောတိ)

(၂) မိခင်မှာလည်း ဥတုပန်းပွင့်၏ (မာတာစ ဥတုနီ ဟောတိ)

(၃) သူငယ်လောင်းဖြစ်သူကလည်း အသင့်ရှိ၏ (ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော ဟောတိ)



ဤသို့ အင်္ဂါသုံးပါး ညီညွတ်လျှင် ကိုယ်သန္ဓေတည်ပါသည်။ (ဧဝံတိဏ္ဏံသန္နိပါတာ ဂဗ္ဘဿ အဝက္ကန္တိ ဟောတိ) (မ၊ ၁-၃၃၂)

ထိုသုံးပါးတို့တွင် အမှတ် (၁) အင်္ဂါမှာ ခေတ်မီ ဆေးပညာရှင် ဆရာဝန်တို့၏ ကိုယ်တွေ့များ၊ ဆေးကျမ်းများနှင့် ညီညွတ်နေပါသည်။ အမှတ်(၂) ဥတုပန်းပွင့်သည်ဟု ဆိုသော အင်္ဂါမှာ ယခုခေတ်ဆေးပညာရှင်တို့၏ ကိုယ်တွေ့နှင့် ရက်အနည်းငယ်ကွာနေသကဲ့သို့ရှိ၏။ သို့သော်လည်း သားဥအိမ်(ovary)မှ သားဥ (ova) ကျဆင်းခြင်းသည် ဥတုပန်းပွင့်ပြီးသောအခါ၌သာဖြစ်၏။ ဥတုဖန်း မပွင့်သော အရွယ်မရောက်သေးသူ၊ အရွယ်လွန်သူတို့၌ မဖြစ်။ အရွယ်ရှိသူပင်ဖြစ်သော်လည်း ဥတုပန်းမပွင့်သူတို့၌ အများအားဖြင့် မဖြစ်ဟူသော အချက်မှာ တူညီပါသည်။

ထို့အပြင် သားဥကျဆင်းသည့် အချိန်ကာလကို သာမန်လူတို့ မသိနိုင်။ ယခုခေတ် ဆေးပညာရှင်တို့ သိကြသည်မှာလည်း အနှစ်(၃၅၀)ထက် ကြာမြင့်ဟန်မတူသေးပါ။ ဘုရားလက်ထက် နှစ်ပေါင်း (၂၅၀၀)ကျော် ကာလကမူ ထိုအကြောင်းကို ဆေးဆရာများပင် အများအားဖြင့်သိကြမည်မထင်ပေ။ ထို့ကြောင့် အများက မသိသော သားဥကျဆင်းချိန်ကို မြတ်စွာဘုရားက သတ်မှတ်၍ဟောလျှင် ထိုစကားကို ထိုခေတ်ကပုဂ္ဂိုလ်များ နားလည်နိုင်ကြမည်မဟုတ်ပေ။ ဥတုပန်းပွင့်ပြီးလျှင် ပဋိသန္ဓေတည်နိုင်သည် ဟူသော အချက်ကိုကား ရှေးရှေးကာလကပင် အထင်အရှား သိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူအများ နားလည်နေသော ဥတုပန်းပွင့်ခြင်းဖြင့်ပင် သတ်မှတ်၍ ဟောထားသည်ဟု ယူဆလျှင် ယခုခေတ် ဆရာဝန်တို့၏ ကိုယ်တွေ့နှင့်လည်း ညီညွတ်ပေလိမ့်မည်။ ဤအရာ၌ မြတ်စွာဘုရား၏တရားတော်မှာ ဆေးကုသရန် မရည်ရွယ်သောကြောင့် အသေးစိတ်အားဖြင့် အတိအကျ ဟောရန်မလိုသည်ကို လည်းကောင်း၊ အတိအကျ ဟောခဲ့စေကာမူ ပဋိသန္ဓေတည်မှုနှင့်စပ်၍ ရဟန်းများမှာ ဆရာဝန်တို့၏နည်းမျိုးဖြင့် လက်တွေ့စမ်းသပ် သင်ပြရန် မဖြစ်နိုင်သည်ကိုလည်းကောင်းထည့်သွင်းစဉ်းစားရပေမည်။

သူငယ်လောင်းကလည်း အသင့်ရှိနေသည်ဟု ဆိုသော အမှတ်(၃)အင်္ဂါ၌ မိဘနှစ်ပါးတို့ သံဝါသပြုနေဆဲမှာပင် အသင့်ရှိနေရမည်ဟူ၍ကား ဆိုလိုသည်မဟုတ်။ အမှန်အားဖြင့် အမှတ်(၁/၂)အင်္ဂါများအရ သန္ဓေသားဖြစ်ရန်အသင့် ရှိနေသော ကာလအတွင်းမှာ ထိုမိခင်၏ဝမ်း၌ ဖြစ်ထိုက်သောသူက ဘဝဟောင်းမှ စုတေလာခဲ့ခြင်းကိုသာ ဆိုလိုပေသည်။

ထိုသူငယ်လောင်းသည် သုက်ပိုး (Spen mat ozoa)၏ ကိုယ်ထဲ၌ဖြစ်ခဲ့သလော၊ သားဥ (Ova)ထဲ၌ ဖြစ်ခဲ့သလော၊ သို့မဟုတ် ၎င်းနှစ်မျိုးတို့ ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ ဖြစ်ခဲ့သလောဟု စိစစ်ဖွယ်ရှိ၏။ ထိုတွင် သုက်ပိုး၏ ကိုယ်ထဲ၌ဖြစ်ခဲ့လျှင် အဖကိုသာ မှီရာရောက်၏၊ သားဥထဲ၌ ဖြစ်ခဲ့လျှင် အမိကိုသာ မှီရာရောက်၏။ ထိုနှစ်မျိုးလုံးပင် မသင့်လျော်ပါ။



ထို့ကြောင့် မိဘတို့၏သုက်သွေးကိုမှီ၍ဖြစ်သည် (မာတာပေတ္တိကသမ္ဘဝေ) ဟူသော သီလက္ခန်ပါဠိ စသည်နှင့်အညီ သားဥနှင့် သုက်ပိုး ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ ဖြစ်သည်ဟု မှတ်အပ်၏။ ဤပါဠိ၌ အမိ၏ သွေးဟူသည်မှာ အမိမှဖြစ်သော သားဥ (ova)ဟုပင်မှတ်အပ်၏။ ထိုပဋိသန္ဓေတည်နိုင်သောကာလကို သားအိမ်၌ဥတုသွေးစင်ကြယ်သော အခါ မိဘနှစ်ဦးတို့တစ်ကြိမ်သံဝါသပြုအားလျှင် ခုနစ်ရက်ပတ်လုံး သန္ဓေတည်နိုင်သောခေတ်ချည်း ဖြစ်သည်။ (သုဒ္ဓဝတ္ထုမြို့ မာတာပိတုသုကောဝါရ်သန့်ပတ် တေသုယာဝသတ္တဒိဝ သာနိ ခေတ္တ မေဝဟောတိ-မ-ဋ္ဌ-၂-၂၀၀) ဟူ၍ အဋ္ဌကထာ၌ သတ်မှတ်ပြဆိုထားပါသည်။

ယခုခေတ် ဆရာဝန်တို့၏ စမ်းသပ်ချက်အရကား လူ၏ သုက်ပိုးများ သားဥနှင့် မပေါင်းစပ်မိလျှင် (၄)နာရီ ကြာသောအခါ တစ်နည်း၊ နှစ်ရက် သုံးရက် ကြာသောအခါ တစ်နည်း၊ ၃၆-နာရီကြာသောအခါသေကုန်ကြသည် ဟူ၍ ပြဆိုထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ၎င်းပြဆိုချက်နှင့် အဋ္ဌကထာအဆိုကို နှိုင်းနှော၍ယူသော် အဘ၏ သုက်သည် အမိ၏သားဥနှင့် နာရီအနည်းငယ်အတွင်း ပေါင်းစပ်မိ၍ ဖြစ်စေ၊ အလွန်ဆုံး ၃-ရက်အတွင်း ပေါင်းစပ်မိ၍ ဖြစ်စေ၊ သံဝါသ ပြုပြီးသည်မှ နောက် ၇-ရက်အတွင်း ပဋိသန္ဓေ တည်နိုင်သည်ဟု ယူအပ်၏။ ဤတွင် အထက်ပြဆိုချက်များ ထင်ရှားစေရန် ဘုရားလောင်း ပဋိသန္ဓေတည်ပုံကို ဆိုတ်ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားလောင်း၏ ပဋိသန္ဓေတည်ပုံ

ပဋိသန္ဓေစွဲယူသော ဘုရားအလောင်းတော်သည် ဝါဆိုလပြည့်နေ့ ညဉ့်သန်းခေါင်အချိန်၌ ဥတ္တရာသာဠ်နက္ခတ်နှင့်ယှဉ်လျက် စွဲယူ၏။ ထိုစဉ်အခါက မယ်တော် မာယာသည် ဝါဆိုလဆန်း ၆-ရက်နေ့မှစ၍ ပန်းနံ့သာ စသည်ဖြင့် အလှအပ ပြင်ဆင်လျက် သေအရက် သောက်ခြင်း မပါသော ပျော်ပွဲကစားခြင်းကို ပြုလုပ်ခံစားလျက် ခုနစ်ရက်မြောက်သော ဝါဆိုလပြည့်နေ့၌ နံနက်စောစောကပင် အိပ်ရာမှ ထကာ နံ့သာရေဖြင့်ရေချိုးပြီးလျှင် အလုံးစုံသော အဆင်းတန်ဆာတို့ဖြင့်ဆင်ယင်လျက် ကောင်းမြတ်သောစားဖွယ်ကို စားပြီးလျှင် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ ကျက်သရေရှိသော တိုက်ခန်းသို့ဝင်ကာ ကျက်သရေရှိသော အိပ်ရာ၌ လျောင်းလျက် အိပ်ပျော်နေစဉ်မှာ (သန္ဓေတည်ကြောင်းကို ပြသော)ဤအိပ်မက်ကို မြင်မက်လေသည်။ (မ ဋ္ဌ-၄၊၁၂၄။ ဒီ-ဋ္ဌ ၂-၂၃)

အထက်ပါ အဋ္ဌကထာတို့၌ ဘုရားအလောင်း မယ်တော်သည် ဝါဆိုလဆန်း ၆-ရက်နေ့မှစ၍ လဆန်း ၁၄-ရက်နေ့ ညဉ့်တိုင်အောင် ပျော်ပွဲကစားခဲ့သည်၊ လပြည့်နေ့မှာ ဥပုသ်စောင့်သုံးနေသည်၊ ရင်းညဉ့်သန်းခေါင်အချိန်မှာ ဘုရားအလောင်း ပဋိသန္ဓေစွဲကပ်နေသည်ဟုဆိုသော အချက်ကို သတိပြုရပေမည်။



ဤတွင် ပျော်ပွဲခံစဉ် ၆-ရက်အတွင်း၌ ဥပုသ် မစောင့်သေးသောကြောင့် ဘုရားအလောင်း ခမည်းတော် ဘုရင်သုဒ္ဓေါဒနနှင့် ဆက်ဆံမှု ရှိနိုင်၏။ သို့သော် ထိုရက်များအတွင်းက ပဋိသန္ဓေမတည်ခဲ့သေးပေ။ ဗုဒ္ဓ စာပေကျမ်းဂန်ဝေါဟာရအားဖြင့် မျိုးစေ့သုက်ခေတ်များ၊ ခေတ်မီ ဆေးဝေါဟာရအားဖြင့် စပါမယ်တို့ခေါ် သုက်ပိုးများမှာမူ ထိုရက်များအတွင်းကပင် မယ်တော်၏ ဝမ်းတိုက်၌ ကိန်းအောင်းလျက်ရှိသည်ဟုသိအပ်၏။ ဥပုသ်ဆောက်တည်သော နံနက်အချိန်မှစ၍ ပဋိသန္ဓေ တည်သော ညဉ့်သန်းခေါင်အချိန်တိုင်အောင် ၁၈-နာရီခန့် ရှိမည်။ ထို ၁၈-နာရီခန့်အတွင်းမှာဖြစ်စေ၊ ထိုထက် စောစော အချိန်နာရီများအတွင်းက ဖြစ်စေ၊ ပါဠိ ကျမ်းဂန် ဝေါဟာရအားဖြင့် (သောဏိတသွေး) ခေတ်မီဆေးဝေါဟာရအားဖြင့် သားဥ (အိုဗာ)သည် မယ်တော်၏ သားဥအိမ်၌ ကျခဲ့၍ ခမည်းတော်၏ သုက်ပိုးနှင့် ပေါင်းစပ်မိပြီး ဖြစ်ရမည်။

ထိုနှစ်ပါးစုံပေါင်းစပ်ပြီးသော သန္ဓေမျိုး ရုပ်ထဲ၌ ဘုရားအလောင်း မေတ္တာရှေ့သွားရှိသောကုသိုလ်ကံကြောင့် ဖြစ်သော ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ခေါ် ကလာပ်စည်း ၃-စည်း၊ ရုပ်ပေါင်း ၃၀-နှင့်တကွ ဘုရားအလောင်း၏ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ခဲ့သည် ဟူ၍ လည်းကောင်း၊ တည်မှီရာဖြစ်သော သုက်သွေး နှစ်ဦးစပ် ဇာတမျိုးရုပ်နှင့်တကွ ကလာပ် ၃-စည်း၊ ရုပ်ပေါင်း ၃၀ ကို ကလလရေကြည်ရုပ် ခေါ်သည်ဟူ၍လည်းကောင်း သိအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သောဘုရားအလောင်းပဋိသန္ဓေတည်ပုံကို ထောက်ဆ၍ အမိဝမ်း၌ ပဋိသန္ဓေတည်သောအချိန်ကို အောက်ပါအတိုင်း သိအပ် မှတ်သားအပ်၏။

## ပဋိသန္ဓေတည်ချိန်

ပဋိသန္ဓေတည်ခြင်း၏ အင်္ဂါ ၃-ပါးတို့တွင် မိဘနှစ်ပါး သံဝါသ ပြုခြင်း ဟူသော ပထမအင်္ဂါဖြင့် မျိုးစေ့ သုက်ပိုး ရခြင်းကိုသာပြ၏။ ထိုအခိုက်မှာပင် သန္ဓေတည်သည် ဟူ၍ကား မဆိုလိုသေးပေ။ မိခင်မှာ ဥတုပန်း ပွင့်သည် ဟူသော ဒုတိယအင်္ဂါဖြင့် ဥတုသွေးစင်ပြီးနောက် သားဥ ရရှိခြင်းကိုသာ ပြ၏။ ထိုဥတုပန်းပွင့်ဆဲမှာပင် သန္ဓေတည်သည်ဟုကား မဆိုလို။ ဤသုက်ပိုးနှင့် သားဥ နှစ်မျိုးလုံးပြည့်စုံ၍ ၎င်းတို့ ပေါင်းစပ်မိသောအခါမှစ၍ သန္ဓေမျိုးရပ် ရေကြည်အဖြစ် တည်နေစဉ်အတွင်းထိုမိခင်၏ဝမ်း၌ဖြစ်ထိုက်သော သတ္တဝါက ဘဝဟောင်းမှ သေလာသည့်အချိန်မှာ ပဋိသန္ဓေတည်သည်ဟု မှတ်ရပေမည်။

ဤနေရာတွင် သုက်ပိုးနှင့်သားဥပေါင်းစပ်မိသောအခါမှာ လက်တွေ့ စမ်းသပ်ထားသော ခေတ်မီ ပညာရှင်တို့၏ အတိအကျပြဆိုချက်အတိုင်း ဓမ္မတာသွေး စ၍ပေါ်သည့် ၁၃-ရက်မြောက်၊ ၁၄-ရက်မြောက်ကိုပင် ယူသင့်၏။

သို့ရာတွင် သားဥအိမ်မှ ထိုသို့ ကျဆင်းပြီးသော သားဥသည် နောက်တစ်ကြိမ် ဓမ္မတာသွေး ပေါ်လာပြီးသည့်တိုင်အောင် မပျက်ဘဲတည်နေသည်လည်း တစ်ခါတစ်ရံ ရှိတ



သေးသည်ဟု ခေတ်မီဆေးပညာရှင်တို့ကပင် ဆိုပြန်သောကြောင့် ဥတုသွေး စင်ကြယ်ခါစ၌လည်း သုက်ပိုးနှင့် ထိုသားဥပေါင်းစပ်မိခြင်း ဖြစ်နိုင်သေးသည် ဟူ၍လည်း တစ်ဖန် မှတ်ရပေဦးမည်။

## 'သန္ဓေကြီးပွားပုံ'

မိခင်၌ သန္ဓေတည်ပြီး ကြီးပွားလာပုံကို ဗုဒ္ဓအလိုအားဖြင့်လည်းကောင်း၊ ခေတ်မီ ဆေးပညာ အလိုအားဖြင့်လည်းကောင်း တင်ပြပါဦးမည်။

ဗုဒ္ဓတရားတော် အလိုအားဖြင့်....

(၁) ရှေးဦးစွာ ကလလ ရေကြည် ဖြစ်ပေါ်လာသည် (ပထမ ကလလ ဟောတိ)

(၂) ကလလ ရေကြည်မှ အသားဆေးရေ အရောင်ရှိသောအမြှုပ်ဖြစ်လာသည် (ကလလာ ဟောတိ အဗ္ဗုဒံ)။

(၃) အမြှုပ်မှ ရေတ်နှစ်ရည်ကဲ့သို့ သားတစ်ဖြစ်သည်။ (အဗ္ဗုဒါ ဇာယတေ ပေသိ)။

(၄) သားတစ်မှ အစိုင်အခဲဖြစ်လာသည် (ပေသိ နိဗ္ဗတ္တတေ ဃနော)။

(၅) အစိုင်အခဲမှ ခေါင်း လက် ခြေ ခက်မ ငါးဖြာ ဖြစ်လာသည်(ဃနာ ပသာ ခါ ဇာယန္တိ)။

www.burmeseclassic.com

www.burmeseclassic.com



(၆) ဆံပင် အမွေး ခြေသည်း လက်သည်း များလည်း ဖြစ်လာ ကြသည် (ကေသာ-လောမာနခါပိစ) (သံ ၁-၂၀၈)

အထက်ပါမှာကလေးသူငယ်သည်အမိဝမ်းတွင်း၌ ကိုယ်အင်္ဂါ အစိတ်အပိုင်း၊ အပြည့်အစုံ တစ်ပြိုင်နက် ဖြစ်ပေါ်လာသည်ဟူသော အယူမှားသောသူအား မြတ်စွာဘုရားက ဖြေရှင်းဟောပြသော တရားတော် ဖြစ်ပါသည်။ ဤတရားတော်၌ ကလလ ရေကြည်က ရက်ပေါင်း မည်မျှ၊ အမြှုပ်က ရက်ပေါင်းမည်မျှ စသည်ဖြင့်အပိုင်းအခြားပြု၍မဟောပါ၊ ဖြစ်စဉ်သက်သက်ကိုသာ ဟောတော်မူပါသည်။

အဋ္ဌကထာ ဆရာတို့ကမူ-ကလလ ရေကြည် (၇)ရက်၊ အမြှုပ်(၇)ရက်၊ သားတစ်(၇)ရက်၊ အစိုင်အခဲ(၇)ရက်၊ ခက်မငါးခု(၇)ရက်ဟု ရက်သတ္တငါးခုဖြင့် သတ်မှတ်ပြပြီးလျှင် ဆံပင် အမွေးစသည်တို့မှာ ရက်သတ္တ (၄၂)ပတ်၌ဖြစ်ကြသည်ဟု ပြဆိုထားပါသည်။ ထိုအဆိုသည် ပစ္ဆိမဘဝိက ဘုရားအလောင်းတော်ကဲ့သို့(၁၀)လပဋိသန္ဓေနေသောသူကို ရည်၍(၄၂)ပတ်အတွင်း၌ဖြစ်သည်ဟု ဆိုလိုဟန်ရှိပါသည်။ ဤကား ဗုဒ္ဓတရားတော်အရ သန္ဓေကြီးထွားပုံ ဖြစ်ပါသည်။

ခေတ်မီ ဆေးပညာအရ သန္ဓေကြီးထွားပုံမှာ....

၁။ ရက်သတ္တ(၃)ပတ်တိုင်အောင် သားဥသည် သားအိမ်မှာ မတွယ်မိသေးပါ၊ စတုတ္ထပတ်မှာ သားအိမ်၌တွယ်မိသည်၊ သားဥမှာ ပကတိမျက်စိဖြင့်



ကောင်းစွာ မမြင်နိုင်အောင် အလွန် သေးငယ်လျက်ရှိသေးသည်။

၂။ ပဥ္စမပတ် အတွင်းမှာ ကျောရိုးဆက် ငါးခုမှ ရှစ်ခု အထိဖြစ်လာသည်၊ သားကောင်၏ အရှည်မှာ တစ်လက်မ၏ ၁၂ ပုံ ၁ ပုံ ရှိသည်။

၃။ ဆဋ္ဌမပတ်အစမှာ ခေါင်းသဏ္ဌာန် ပေါ်လာသည်၊ ၎င်းမှာလည်း ကိုယ်ပိုင်းထက်ကြီးလျက် ရှိ၏။ နှလုံးကိုလည်း တွေ့မြင်နိုင်၏၊ ၎င်းဆဋ္ဌမပတ် အကုန်မှာ ကျောရိုး အကုန်ပြည့်စုံသည်၊ ခြေလက်များ ထွက်ပေါ်စ ပြုလျက်ရှိ၏၊ မျက်လုံးဖြစ်မည့်နေရာ အရေခွံများတွင် နိမ့်ခွက်လာ၏၊ ကိုယ်အရှည် တစ်လက်မ၏ လေးပုံ တစ်ပုံ ရှိလာ၏။

၄။ သတ္တမပတ်မှာ ရင်ဘတ်၊ ဝမ်းဗိုက် အပြည့်အစုံ ဖြစ်လာသည်၊ ခြေချောင်း လက်ချောင်းများ ပေါ်လွင်စ ပြုလာသည်၊ မျက်လုံးများ ပြတ်သား ထင်ရှားလာသည်၊ ကိုယ်အရှည် လက်မဝက် ရှိ၏။

၅။ အဋ္ဌမပတ်မှာ မျက်နှာ အင်္ဂါများ ပေါ်လွင်လျက်ရှိသည်။ နားရွက်များလည်း ထွက်ပေါ်လာသည်။ ကိုယ်အရှည် တစ်လက်မ၏ ရှစ်ပုံခုနစ်ပုံ ရှိသည်။

၆။ နဝမပတ်မှာ ကိုယ်အရှည် တစ်လက်မနှင့် ငါးပုံ တစ်ပုံ လက်မရှိသည်။

၇။ သုံးလအကုန် ၁၃-ပတ်ခွဲမှာ လက်ချောင်း ခြေချောင်းများ ပြည့်ဝလျက် လက်သည်း ခြေသည်း

www.burmeseclassic.com

www.burmeseclassic.com



များ ပေါက်လာသည်။ နားရွက်များ ပြည့်ဝလျက်ရှိသည်။ လိင်အင်္ဂါများ ထင်ရှားလာသည်။ ကိုယ်အရှည် သုံးလက်မရှိသည်။

၈။ လေးလအကုန် (၁၈)ပတ်မှာ ကလေး လှုပ်ရှားသည်ကို မိခင် တွေ့ရသည်။ နှလုံးခုန်သည်ကိုလည်း ကြားရသည်။ ထို့ကြောင့် ထိုအခါမှာ ဆရာဝန်တို့က ကလေး အသက်ဝင်သည်ဟု အသိအမှတ်ပြုကြသည်။ ကလေး၏ တစ်ကိုယ်လုံးမှာ မွေးညင်းနုကလေးများ ပြည့်လျက်ရှိသည်။ မျက်ခုံးမွေး၊ မျက်တောင်မွေး များလည်း ပေါက်လာသည်၊ ကိုယ်အရှည် ရှစ်လက်မခွဲ ရှိသည်။

၉။ ငါးလအကုန် ၂၂ ပတ်ခွဲမှာ ဆံပင်များ ပေါက်လာသည်။ ကိုယ်အရှည် ၁၂ လက်မ ရှိသည်၊ မွေးလျှင် မိနစ် အနည်းငယ်မျှသာ အသက်ရှင်မည်၊မည့်သည့်အခါမျှ အဖတ်မတင်နိုင်။

၁၀။ ခြောက်လကုန်(၂၇)ပတ်မှာ မျက်လုံးများ ပွင့်လာသည်၊ ကိုယ်အရှည် ၁၄ လက်မ ရှိသည်၊ မွေးလျှင် နာရီ အနည်းငယ်မျှသာ အသက်ရှင်မည်။

၁၁။ ခုနစ်လအကုန် (၃၁) ပတ်တွင် မွေးသောကလေးများ အသက်ရှင်ရန် အကြောင်း အသင့်အတင့်ရှိသည်၊ ကိုယ်အရှည် ၁၆ လက်မ ရှိ၏။

၁၂။ ရှစ်လအကုန်(၃၅)ပတ်ခွဲ မွေးသော ကလေးများ အသက်ရှင်ရန် အကြောင်း များစွာ ရှိသည်။ ၈-လဖွား ကလေး အသက်မရှင်ဟုဆိုသော ရှေးအယူဝါဒများ မှားပါသည်။ ကိုယ်အရှည် ၁၈-လက်မရှိသည်။



၁၃။ ကိုးလအကုန် ရက်သတ္တ (၄၀)မှာ နေ့စေ့လစေ့ဖြစ်သည်။ ကလေး၏ကိုယ်အရှည်မှာ လက်မ ၂၀-ရှိ၏။

ဤသည်တို့ကား ခေတ်မီ ဆေးပညာအရ မိခင်နှင့် ပဋိသန္ဓေစာအုပ်၌ဖော်ပြထားသောသန္ဓေကြီးထွားပုံဖြစ်သည်။

## 'သန္ဓေသား အသက်ဝင်ပုံ'

ဗုဒ္ဓဘာသာတော်အရ သန္ဓေတည်သည်နှင့် တစ်ပြိုင်နက်ရုပ်ရော နာမ်ပါ တည်သည်ဟုဆိုသဖြင့် သန္ဓေတည်သည်နှင့် တစ်ပြိုင်နက် အသက်ဝင်သည်ဟူ၍ လည်းကောင်း၊ ခေတ်မီဆေးပညာအရ သန္ဓေလေးလမြောက်သောအခါ သားအိမ်တွင်းရှိ သန္ဓေသားသည် လှုပ်ရှားစ ပြုလာသည်ကိုပင် အသက်ဝင်သည်ဟူ၍ လည်းကောင်း ဆိုပါသည်။ ခေတ်ဆေးပညာက သက်သေအဖြစ် သန္ဓေသား လေးလမြောက်သောအခါ သန္ဓေသား၏ နှလုံးသားလှုပ်ရှားသည့် အသံကို မိခင်၏ဗိုက်ပေါ်မှနေ၍ နားထောင် ကြည့်ခြင်းဖြင့် တွေ့ရပါသည်။

ဗုဒ္ဓဘာသာတော် အရနှင့် ခေတ်မီဆေးပညာ အရမှာ အခြားသော သန္ဓေသားကြီးထွားပုံ စသည်တို့မှာ အကွဲအပြားမရှိတူညီကြပြီး ဤသန္ဓေသား အသက်ဝင်ပုံမှာတော့ ကွဲပြားလွန်းနေသည်။ သို့သော် အဖြစ်နိုင်ဆုံး ညှိယူသော်...

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝိညာဉ်သည် အလွန်သိမ်မွေ့၏။ ပကတိမျက်စိဖြင့်လည်းကောင်း၊ မှန်ဘီလူးဖြင့် လည်းကောင်း ကြည့်၍မမြင်နိုင်ပေ။ အဘိညာဉ် ဝိပဿနာဉာဏ်စသော ပညာမျက်စိဖြင့် သာလျှင် မြင်သိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ပညာမျက်စိဖြင့် သိတော်မူသည့်အတိုင်း မိဘတို့၏ သုက်သွေး ဥတုနှင့်တကွ ကမ္ဘာရုပ် (၃၀) မျှသော ကလလရေကြည်ရုပ်ထဲမှာပင် ပဋိသန္ဓေ ဝိညာဉ် စ၍ဖြစ်သည်ဟု ဟောထားပေသည်။

ထိုစဉ်အခါမှာ သုက်ပိုး အကြွစ်ကကဲ့သို့ လှုပ်ရှားရန်လိုသည့်အခါလည်း မဟုတ်၊ လှုပ်ရှားခြင်းမှာလည်း စိတ်ရောရုပ်ပါ နှစ်ပါးစလုံး အားရှိသည့်အခါ၌သာ ဖြစ်နိုင်သည်။ အားမရှိသေးသည့် အခါ၌ တွေဝေမိန်းမောနေသူကဲ့သို့ပင် မလှုပ်ရှားနိုင်ပေ။ ကလလရေကြည်စသော သူငယ်၏ရုပ်မှာ မိန်းမောတွေဝေနေသူ၏ ရုပ်ထက်ပင် သိမ်မွေ့လွန်းသဖြင့် အားနည်းသေး၏။ ထို့ကြောင့် လေးလအတွင်း၌ အသက်ဝိညာဉ် ရှိသော်လည်း မလှုပ်ရှားဘဲ နေခဲ့ပေသည်။

ဆရာဝန်တို့မှာမူကား သူငယ်၏ အလွန်သိမ်မွေ့သော ပဋိသန္ဓေစိတ်ဝိညာဉ်ကို လည်းကောင်း၊ လူကြီးတစ်ယောက်၏ ထိုမျှလောက် မသိမ်မွေ့သော စိတ်ဝိညာဉ်ကိုလည်းကောင်း မည်သည့် စိတ်ဝိညာဉ်ကိုမျှ မတွေ့မမြင်နိုင်ကြပေ။ ရုပ်အမူအရာကိုသာလျှင် တွေ့မြင်နိုင်ကြ၏။

ထို့ကြောင့် ကလေးသူငယ်၏ လှုပ်ရှားခြင်း နှလုံးခုန်ခြင်းကိုသာလျှင် အထောက်အထားပြု၍ လေးလရှိမှအသက်



ဝင်သည်ဟု သတ်မှတ်ထားကြပေသည်။ ထိုသတ်မှတ်ချက်ကိုလည်း စိစစ်ကြည့်သင့်သေး၏။ အသက်ဝင်သည်နှင့် တစ်ပြိုင်နက်ပင် လှုပ်ရှားသလော၊ သို့မဟုတ် အသက်ဝင်ပြီးနောက် စက္ကန့် မိနစ်မည်မျှကြာမှ လှုပ်ရှားသနည်းဟု စိစစ်ကြည့်သင့်၏။ ထိုသို့ စိစစ်ကြည့်လျှင် အဘိအကျပြောဆိုရန်ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် လှုပ်ရှားမှ အသက်ဝင်သည်ဟု ယူဆချက်ကို တိကျမှန်ကန်ပြီဟု မဆိုနိုင်ပေ။

ထို့ပြင် စိတ်ရွှင်လန်းလျှင် ရုပ်ရွှင်လန်း၏၊ စိတ်ညှိုးနွမ်းလျှင် ရုပ်ညှိုးနွမ်း၏။ ထို့ကြောင့် လေးလမပြည့်မီက သန္ဓေရုပ်၌ ရွှင်လန်းမှု၊ ညှိုးနွမ်းမှု အပြောင်းအလဲကို စမ်းသပ်ကြည့်ရှုခြင်းဖြင့် ထိုစဉ်ကာလက စိတ်ဝိညာဉ် ရှိ-မရှိကို ဆုံးဖြတ်နိုင်ရာ၏။ ယခုခေတ်၌ ထိုရုပ် အပြောင်းအလဲကို မမြင်နိုင်သေးလျှင် နောက်တစ်ခေတ်၌ မြင်နိုင်သူတို့ ပေါ်လာဖွယ်ရှိ၏။

ထို့ပြင် (၁) မိဘနှစ်ဦးတို့ သံဝါသပြုခြင်း၊

(၂) မိခင်မှာ ဥတုပန်းပွင့်ခြင်းဟူသော အင်္ဂါနှစ်ပါးရှိသော်လည်း သူငယ်လောင်းက မရှိလျှင် ပဋိသန္ဓေမတည်နိုင်ဟု (မ-၁-၃၁၂) ဆိုထား၏။ ဤသို့ဆိုသော် သုက်ပိုးနှင့်သားဥတို့ ပေါင်းစပ်မိသော်လည်း သူငယ်လောင်း၏ စိတ်ဝိညာဉ် မဝင်ရောက်လာလျှင် ၎င်းသားအိုးရုပ် ပျက်စီးသွားသည်ဟု ဆိုလိုသောကြောင့် စပါမယ်တိုဇွာနှင့် အိုဗာတို့ ပေါင်းစပ်ပြီးမှ ၇-ရက်အတွင်းမှာ ပျက်စီးခြင်း ရှိ-မရှိကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှု၍လည်း ကလလရေကြည် ဖြစ်ခိုက်က ဝိညာဉ် အသက် ဝင်-မဝင်ကို သိနိုင်ရာ၏။

အကြမ်းအားဖြင့်ပြုရလျှင် ပစ္စည်းမဲ့ လူဆင်းရဲများမှာ သားသမီး ပေါများ၏။ အများအားဖြင့် ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်းပါး၏။ ထိုသို့ဖြစ်ခြင်းမှာ မိဘများ၏ ဗီဇမျိုးစေ့ရပ်ကြောင့်ချည်း မဟုတ်တန်ရာ၊ လူချမ်းသာဖြစ်ရန် ကုသိုလ်ကံ ရှိသူတို့ နည်းပါးသောကြောင့်လည်း ဖြစ်သည်ဟု ဗုဒ္ဓဘာသာတရားတော်အရယူဆအပ်၏။

သို့ဖြစ်၍ ပြဆိုခဲ့သော အကြောင်းများကို ထောက်ဆသောအားဖြင့် လေးလမတိုင်မီက သန္ဓေရုပ်မှာ လှုပ်ရှားခြင်း၊ သွေးခုန်ခြင်းများ မရှိသေးသော်လည်း ဗုဒ္ဓမြတ်စွာဘုရား ဟောပြထားသည့်အတိုင်းပင် သုက်နှင့် သွေးဥတို့ ပေါင်းစပ်ပြီးနောက် ၇-ရက်အတွင်း ကလလရေကြည်ဖြစ်စခိုက်ကပင် ပဋိသန္ဓေဝိညာဉ်စိတ် စ၍ ဖြစ်ပေါ်ခဲ့သည်။ လေးလရှိသောအခါ လှုပ်နိုင်အောင် ကိုယ်အင်္ဂါများနှင့် နှလုံးသွေးကြောများ ပြည့်စုံသောကြောင့် ထိုအခါကျမှ လှုပ်ရှားသည်။ နှလုံးသွေးခုန်သည်ဟု မှတ်ယူရပေသည်။

## တမလွန် ရှိ-မရှိ

တမလွန်ခရီးအကြောင်းကို အဓိကထား ရေးသားသော ဤစာအုပ်တွင်တမလွန်ရှိ-မရှိ ပြဿနာသည် အဓိကပဓာန ကျသော ပြဿနာဖြစ်သည်၊တမလွန်ဘဝ ရှိ-မရှိ ထင်ရှားမှသာ တမလွန်ခရီးအကြောင်း ဆက်နိုင်ပေမည်။ ဥပမာ-



စင်္ကာပူခရီးသွား မှတ်တမ်းရေးရာ၌ စင်္ကာပူနိုင်ငံ ဟူသော သွားရောက်ရာအရပ်ဒေသနိုင်ငံရှိမှဖြစ်ပေမည်။ သို့မဟုတ်ဘဲ စင်္ကာပူဆိုတာ မရှိပါဘဲလျက်နှင့် စင်္ကာပူမှတ်တမ်းရေးက လူရယ်စရာဖြစ်ပေလိမ့်မည်။

ထို့အတူပင် တမလွန်ခရီး အကြောင်း ရေးသားရာ၌ တမလွန်ဘဝမရှိပါဘဲလျက် တမလွန်ခရီးအကြောင်း ရေးသားပါက ဦးတည်ချက်မဲ့စွာဖြင့် လမ်းလျှောက်သည်နှင့် တူပေမည်။ သို့ကြောင့် တမလွန်ဘဝရှိ,မရှိကို ထင်ရှားစွာပြဖို့ တာဝန် ကျန်နေပေသေးသည်။ ရှေ့၌လည်း ပြတော့ ပြခဲ့ပြီးပြီ။ ပို၍ ထင်ရှားလာအောင်ပြဖို့ လိုပေဦးမည်။

ဘဝဖြစ်ခြင်းသည်ကား အဓိကအားဖြင့် နာမ်၏အရာ ဖြစ်ပေသည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ဟူသော အကြောင်းတရားတို့ကြောင့်ပဋိသန္ဓေဝိညာဉ်ခေါင်းဆောင်သော နာမ်ရုပ်တို့၏ အသစ်ဖြစ်ပေါ်လာခြင်း သဘော ဖြစ်ပေသည်။ ထိုအဝိဇ္ဇာအစရှိသောအကြောင်း နာမ်တရားနှင့် ပဋိသန္ဓေဝိညာဉ် အစရှိသော အကျိုးနာမ်တရားတို့၏ဖြစ်ပုံကို ရုပ်၌စမ်းသပ်သောနည်းဖြင့် မသိနိုင်ပေ။

ဤအရာ၌ ထပ်မံ၍ပြောလိုသည်မှာ မျက်စိဖြင့် မြင်နိုင်သော အဆင်းကို နားဖြင့် မကြားနိုင်၊ နားဖြင့် ကြားနိုင်သော အသံကိုလည်း မျက်စိဖြင့် မမြင်နိုင်၊ ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူနိုင်သော ရုပ်ပုံကို ကက်ဆက် ရီကော်ဒါဖြင့် မဖမ်းနိုင်၊ ကက်ဆက်ရီကော်ဒါဖြင့် ဖမ်းယူနိုင်သော အသံကို ကင်မရာဖြင့် ဓာတ်ပုံမရိုက်နိုင်ဟူသောသဘောတရားကို သို့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လက်ခံရပေမည်။ ထိုကဲ့သို့ပင် အဘိညာဉ်စသော ဉာဏ်ထူးများဖြင့်သာ သိနိုင်သော တမလွန်ဘဝ အကြောင်းကို ရုပ်ဝတ္ထုသာစမ်းသပ်နိုင်သောခေတ်မီဆေးပညာဖြင့် မသိမမြင်နိုင် ဟူသော သဘောတရားကိုလည်း လက်ခံရပေမည်။

ထိုသို့လက်မခံပါဘဲဆေးပညာဖြင့်မတွေ့ရသောကြောင့် တမလွန်ဘဝမရှိဟု ယူဆပါလျှင် ထိုအယူမှာ မျက်စိဖြင့် မမြင်ရသောကြောင့် အသံကိုမရှိ၊ နားဖြင့် မကြားရသောကြောင့် အဆင်းကိုမရှိဟုမှတ်ယူပါက အများကြီး မှားပေလိမ့်မည်။

ထို့ကြောင့်ပကတိမျက်စိဖြင့်မမြင်နိုင်သောပိုးမွှားကလေးများ၊ မြူမှုန်ကလေးများကို မြင်လိုလျှင် ၎င်းတို့ကို မြင်စေနိုင်သော မှန်ဘီလူးများဖြင့် ကြည့်ရသကဲ့သို့ တမလွန်အကြောင်းကိုသိလိုလျှင် ၎င်းကို သိနိုင်သော အဘိညာဉ်၊ ဝိပဿနာဉာဏ်တို့ကိုရအောင် အားထုတ်၍ ကြည့်အပ်၏။ ထိုဉာဏ်ထူးများကို ရအောင် အားမထုတ်လျှင် ဗုဒ္ဓတရားတော်များ၌ ညွှန်ပြထားသည့်အတိုင်း အကျိုးဆက်သွယ်ပုံကို ဆင်ခြင်၍ သိရာ၏။ (ပါယာသိရာဇညသုတ် မြန်မာပြန်ကို နောက်ပိုင်းမှာ ကြည့်ပါ)

ထိုသို့မဆင်ခြင်နိုင်လျှင် ဘဝဟောင်းက အကြောင်းများကို ပြန်ပြောနိုင်သော ဇာတိဿရခေါ် လူဝင်စားတို့၏ ဖြစ်ပုံကို စုံစမ်းဆင်ခြင်၍ ယုံကြည်ရပေမည်။

လူဝင်စားဆိုသူများမှာ မြန်မာနိုင်ငံအတွင်း အနယ်နယ်အရပ်ရပ်မှာရော နိုင်ငံတကာမှာ ရှိပါသည်။ သို့သော်



တမလွန်ဘဝမရှိဟု ယူဆထားသော သူတို့က ထိုလူဝင်စားတို့၏ တကယ်အမှန် ပြောဆိုချက်ကို မယုံကြည်ကြ၊ သို့ကြောင့် ကလေးများ၏ပြောဆိုချက်ကိုလက်မခံဘဲ ကလေးများကို မဟုတ်တာပြောသည်ဟု ယူဆကာ မာန်မဲဆူကြသဖြင့် ထိုတမလွန်ဘဝမရှိဟု ယူဆထားသော ပုဂ္ဂိုလ်တို့၏ ကလေးငယ်များသည် ထိုဘဝဟောင်းက အကြောင်းများ မပြောဝံ့ကြသဖြင့် ကြာတော့လူဝင်စားကလေးများ မထင်ရှားတော့ဘဲ ကွယ်ပျောက်သွားတော့သည်။

အမှန်စင်စစ် ထိုကလေးများသည် ဘယ်အယူဝါဒကိုမျှ မခံရသေးပေ။ သို့အတွက် ကလေးများမှာ အယူဝါဒရေးရာမှာ ဖြူစင်နေပါသည်။ ထိုကလေးများသည် မိမိတို့ သိသည့်အတိုင်းသာလျှင် ပြောတတ် ဆိုတတ်ကြပေသည်။ ယုံကြည်ဖွယ် ရှိပါသည်။ လူကြီးများမှာ ဘာသာ အယူဝါဒရေးရာအားဖြင့် လည်းကောင်း၊ မိမိတို့ တွေးတောစကြံဆချက် အားဖြင့်လည်းကောင်း အယူဝါဒများကို လက်ခံထားကြ၏။ ထို့ကြောင့် မှားသောအယူကို လက်ခံထားလျှင် ထိုလူကြီးများသာလျှင် မှားမည်၊ ကလေးများမှာ မှားဖွယ်ရာအကြောင်း လုံးဝမရှိပေ။ ဤအချက်ကို စဉ်းစားကြည့်လျှင် အားကြီးသော လူကြီးမိဘများက အားငယ်သော ကလေးသူငယ်များ၏ အမှန်အကန်ပြောဆိုချက်ကို ဖိနှိပ်တားမြစ်ကြသည်မှာ အလွန်ပင်မတရားသောလုပ်ရပ် ဖြစ်ပေသည်။

သို့သော် ဘဝဟောင်းက အကြောင်းကို ပြောဆိုတိုင်း အမှန်ချည်းဟူ၍ကား မဆိုနိုင်ပါ။ လူကြီးမိဘများက အမွေ

www.burmeseclassic.com

www.burmeseclassic.com



လာဘ်လာဘကိုမျှော်၍ သင်ပေးသောကြောင့် ဘာမှ နားမလည်သည့် ကလေးများ ပြောဆိုချက်လည်းရှိကောင်းရှိပေလိမ့်မည်။ ပညာဖြင့် စဉ်းစားဝေဖန်ချင့်ချိန်၍ ယုံသင့်သည်ကိုသာ ယုံရပေမည်။ ယုံသင့်ဖွယ် လူ့ဝင်စားများကို အနည်းငယ် တင်ပြပါဦးမည်။

## ဦးဝဠင်း ဦးဂျပန်

ပွင့်ဖြူမြို့နယ်၊ ရွှေလှရွာ၊ ကန်ဦးကျောင်းက ဦးပဥ္စင်းဦးဂျပန်ဆိုသောပုဂ္ဂိုလ်ရှိသည်။ ထိုဦးဂျပန်သည် မွေးဖွားပြီး စကားပြောတတ်သောအရွယ်၌ ဂျပန်စကားကိုသာ ပြောသည်။ မိခင်၊ ဖခင်တို့က ဘာပြောမှန်းမသိပေ။ ဂျပန်စကားအနည်းငယ်နားလည်သော ပုဂ္ဂိုလ်များတွေ့မှ ဂျပန်စကားဖြစ်ကြောင်း သိရသည်။ လူပုဂ္ဂိုလ်ကလည်း ဂျပန်ကြီးကဲ့သို့ပင်။ မသိသူများက ဂျပန်ဘုန်းကြီးပင် ထင်ကြသည်။ ငယ်စဉ်က ကောင်းကင်မှ လေယာဉ်ပျံများ ပျံသန်းသည့်အသံကြားလျှင် ပြေးသွားပြီး ပုန်းတော့သည်။ ပြီးတော့ ပါးစပ်မှ ဂျပန်ဘာသာဖြင့် စစ်မိန့်များပေးနေတော့သည်။ ရဟန်းခံပြီးသောအခါ (အသက် ၂၀-ကျော်) လေယာဉ်ပျံသံကြားလျှင် ပြေးပုန်းရုံသာ ပုန်းတော့သည်။ တစ်ခါတစ်ရံ အေးဆေးစွာထိုင်ပြီး သူ့မှာ ဂျပန်ပြည်တွင် သားသမီးများရှိကြောင်း၊ ဆွေမျိုးများရှိကြောင်း၊ လွမ်းဆွတ်ကြောင်း ဆွေးဆွေးမြည့်မြည့်ပြောပြသည်မှာ သနားစရာပင်ကောင်းသည်။



ထို ဦးဂျပန်ကြီးသည် ဂျပန်ခေတ်၊ ဂျပန်တို့ ပြေးခါနီးဝယ် မဟာမိတ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရွှေလှထနောင်းရွာအနီးတွင် တိုက်ပွဲကျကာသေဆုံးခဲ့ပြီး မြန်မာ အမိ၊ အဖတို့ထံမှာ လူဝင်စားလာဖြစ်သည်။ အမိ၊ အဖတို့မှာ အညာသား၊ အညာသူကြီးများဖြစ်ပြီး စကားတောင် လေးလုံးကွဲအောင် မပြောတတ်ပေ။ ထိုမျှ ရိုးသားသော မိဘနှစ်ဦးမှ မွေးဖွားလာသော ရွာ့ရွာ့ပါးပါး သားတစ်ယောက်သည် ဂျပန်ကြီးကဲ့သို့ဖြစ်ပြီး အကြောင်းမသိသူများက ဂျပန်ပြည်မှ ဂျပန်ကြီးတစ်ယောက် လာပြီး ဘုန်းကြီးဝတ်နေသည်ဟုပင် ထင်ကြသည်။ ယနေ့တိုင် ထိုကျောင်း၌ ရှိပေလိမ့်ဦးမည်။

## ဘဝဟောင်းဒဏ်ရာပါခဲ့သူ

ထိုပုဂ္ဂိုလ်သည် ထနောင်းကုန်းရွာမှဖြစ်ပြီး ဘဝဟောင်းက ထနောင်းကုန်းရွာအနီးမှာတိုက်ပွဲဖြစ်ပြီး ဗိုက်တွင် ကျည်ဆန် ထိမှန်ပြီး လုံ့စွပ်အထိုးခံရကာ ကျဆုံးခဲ့ပြီး ထိုရွာမှ မြန်မာမိဘများထံ လူဝင်စားလာဖြစ်ပြီး ဘဝသစ်တွင် ဗိုက်၌ ကျည်ဆန်ရာ၊ လုံ့စွပ်ထိုးခံရသည့် ဒဏ်ရာများ ပါလာသည်။ ငယ်စဉ်က အိမ်ပေါ်သို့ ဝက်သားလုံးဝအတင်မခံပေ။ ဝက်သားဟင်း ချက်ပြီးသော ဟင်းအိုးဖြင့် အခြားဟင်း ချက်ပြီးကျွေးတာတောင်မှ တက်မတတ် ငိုကြွေးသည်။ ထိုသို့အောင့်တတ်သည်။ အသက် ၂၀ ကျော်မှသာ ဇွတ်မိတ်စားသဖြင့် လက်ခံတော့သည်။ အဘယ်ကြောင့် ဝက်သား လက်မခံသလဲဟု မေးကြည့်ရာ ဟိုဘဝတုန်းက ကုလားစစ်ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း သူကိုယ်တိုင်လည်း ပြောပြသည်။ လူကြီးသူမများကလည်း ရွာအနီး တိုက်ပွဲမှာ ကုလားစစ်ဗိုလ် ကျဆုံးကြောင်း ပြောကြသည်။ အံ့ဩဖွယ်ကောင်းပေစွ။

## ပါဠိစာဖတ်တတ် သုံးနှစ်သမီးကလေး

၁၉၅၆-ခုနှစ်က ဖျာပုံမှ သုံးနှစ်သမီးအရွယ် ကလေးတစ်ယောက် ဘုရားဖူးရန်လာသောမိဘများနှင့်အတူ ကမ္ဘာအေးသို့ ရောက်လာ၏။ ၎င်းမိန်းကလေးမှာ ပိဋကတ် ပါဠိစာပေကို အချိုးကျ ဌာန်ကရိုဏ်းကျကျ ဖတ်နိုင်၏။ ပါဠိစာပေမှာ ခေတ်ပညာတတ်လူကြီးများပင် မဖတ်နိုင်ကြပေ။ ၎င်းကလေးမ၏ မိဘများမှာလည်း ဆင်းရဲသော တောသူတောင်သားများ ဖြစ်ကြသည်။ သင်ပေးချိန်လည်း ရှိမည်မဟုတ်။ သူတို့ကိုယ်တိုင်ကပင် သင်ပေးနိုင်လောက်အောင် စာလည်း မတတ်ကြ။ ယင်းကလေးမလေးသည် ဖိတ်စာတစ်ခုကို ဖတ်နေသည်မှ၍ စာဖတ်တတ်မှန်း အံ့အားသင့်လျက် သိရသည်ဟုဆို၏။ ရှေးဘဝအကြောင်းကို မေးလျှင် ငိုသောကြောင့်လည်းကောင်း၊ အချို့ ရဟန်းတော်များ၏ ဘွဲ့အမည်ကို သူ့အလိုလိုသိသည့်အပြင် မောင်နှမ စသည်ဖြင့် မရှိမသေခေါ်သောကြောင့် လည်းကောင်း သက်ဆိုင်သူတို့က မိမိတို့ဆရာဘုန်းကြီး ဝင်စားသည်ဟု ယူဆကြ၏၊ ၎င်းကလေးမှာ အဖတ်ခက်သော ပါဠိများကို သွက်သွက်လက်လက် အချိုးကျဖတ်နိုင်သည်မှာ ရှေးဘဝက အလေ့အသော ကြောင့်ပင်ဟု ယူဆရပေမည်။



## မျောက်ဘဝကလူ

၁၉၄၈ ခုနှစ်က ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မဟာစည် ကျောင်းတိုက်သို့ ကျွန်းလှနယ်ပုတီးရွာမှ ဦးဒီပဓေါ ရဟန်းတစ်ပါး လာရောက်၍ တရားအားထုတ်၏။ ၎င်းက 'သူဟာ ရှေးဘဝကမျောက်ဖြစ်ခဲ့ကြောင်း၊ညီအစ်ကိုနှစ်ယောက်ရှိရာ သူ့ကို သူတို့မိခင်က ပိုချစ်ကြောင်း၊ ကလေးထိန်းရာမှာ ငနုရာမကျ၍ မျောက်မကြီးက ရိုက်ကြောင်း၊ ပြောင်းဖူးကို လက်နှစ်ဖက်နှင့် ကိုင်၍ စားလေ့ရှိကြောင်း စသည်များကို ပြော၏။ယင်း ဦးဒီပမှာ မရှက်တတ်ဘဲ အမှန်အကန်ပြောတတ်သူဖြစ်၍သာ မျောက်ဘဝက လာကြောင်း ပြောခြင်း ဖြစ်သည်၊ မည်သူက ပြောမည်နည်း။

## ခွေးဘဝက လူ

မြင်းခြံခရိုင် ရောဝတီကျွန်းထဲက မိဖုရားရွာ၌ မယ် အိမ် ခေါ်သား မောင်တိုက်စိုးသည် ရှေးဘဝက မယ်မင်းပု ဖိုးခိုတို့၏အိမ်၌ ခွေးမဖြစ်ခဲ့ကြောင်း၊ ခွေးသားကလေးများ မွေးလျက် တစ်ညသောအခါမှာ စားစရာမရှိသောကြောင့် တခြား အိမ်သို့ သွား၍ ထမင်းအိုးကိုဖွင့်ကာ ထမင်းချိုးကို ခိုးစားနေခိုက် အိမ်ရှင်ကခက်ရင်းခွနှင့်ရင်ဘတ်ကိုထိုးသော ကြောင့် ထွက်ပြေးလာခဲ့ကြောင်း သားကလေးများအနီးသို့ ရောက်သောအခါ လဲကျ၍ သေဆုံးခဲ့ရကြောင်း စသည်ကို ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ ရင်ဘတ်၌ ခက်ရင်းခွဒဏ်ရာ ထင်လျက်ရှိ၏။ ၎င်းမှာ စွဲလမ်းသောစိတ်ကြောင့် ဖြစ်သည်ဟု ယူဆသင့်၏။ (ဥပမာ အိပ်မွေ့ချထားသောသူအား ဆရာကသံပူနှင့်ကပ်မည်ဟုပြော၍ ခဲတံနှင့်ကပ်လိုက်လျှင်သံပူဟုစွဲလမ်းမှုကြောင့် ထိုနေရာတွင် မီးလောင်ပုံများ ပေါ်လာခြင်းမျိုးဟုပင် မှတ်ရာ၏။)

## ပုစွန်ဘဝကသူ

ထို့ပြင် ထိုမိဖုရားရွာအနီးက မီးလောင်ကျွန်းရွာ၌ ဖိုးမြန်ကြီး မညိုတို့၏သမီး မယ်တင်ဆိုသူမှာ ရှေးဘဝက လယ်ပုစွန်လုံး ဖြစ်ခဲ့ကြောင်း ပြော၏။

## ဒေါ်နန်းတင်တို့ သားအမိ

ပွင့်ဖြူမြို့နယ် ရွာတစ်ရွာမှ ဒေါ်နန်းတင်ဆိုသူသည် သူ ခင်ပွန်းသေဆုံးစဉ်က နောက်ဘဝမှာ မှတ်မိလွယ်ရန်ဟု ဆိုကာ လူအများ တားနေသည့် ကြားထဲမှပင် ခြေသန်းကလေးကို ဖြတ်ချိုးထားလိုက်၏၊ထိုစဉ်ကမနန်းတင်မှာကိုယ်ဝန်တည်စနှင့်ကျန်ခဲ့သည်၊မနန်းတင် သားဖွားချိန်တန်သောအခါ သားယောကျ်ားကလေး မွေးဖွားရာ ထိုကလေးတွင် ခြေသန်းကလေး မပါခဲ့ပေ၊ စကားပြောတတ်ခါစ အရွယ်ရောက်သည့်အခါ ဒေါ်နန်းတင်ကို ယခင်ဘဝက ခေါ်သည့်အတိုင်း နန်းတင်ဟုပင် ခေါ်ပြီး ယခင်ဘဝက ရစရာ ပေးစရာများကို ပြန်ပြောနိုင်သည်ဟု ဆို၏။



## ဇ-ကာ-ပ-လူဝင်စားကြီး

ဝက်လက်မြို့နယ် ရှေ့ပန်းကုန်းရွာမှ မခင်ဆောင်းဆိုသူသည် ယခင်ဘဝဟောင်းက လူတွေရွာမှ ဦးထွားဆိုသူဖြစ်ကြောင်းနှင့် ဦးထွားဘဝမှဇနီး၊ သားတို့ကို ပြောပြနိုင်ပြီး ယခုတိုင်ဘဝဟောင်းက အစ်မ/ညီမ သားစုတို့ကိုခင်မင်နေသည်။ ၎င်းအစ်မ/ညီတို့ကို ယခင်ဘဝကအတိုင်းပင် ခေါ်ဝေါ်ဆက်ဆံသည်။ယခင်ဘဝကသေဆုံးပုံကိုလည်း ပြန်ပြောနိုင်သည်။ ၎င်း ဦးထွားသည် ဗမာပြည်ကွန်မြူနစ်ပါတီဝင် တစ်ဦးဖြစ်သည်။ ဓမ္မာစရိယဆရာကြီး ဦးအေးနိုင်၊ ဆရာဝင်ကြီး ဒေါက်တာ ဦးသာလှတို့သည်လည်း လူဝင်စားများဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် တစ်ချိန်က ထင်ရှားခဲ့သော ပိဋကတ်မောင်ထွန်းကြိုင်၊ဗလပြန် (မင်းသမီး အောင်ဗလာ၊ ဝင်စားသူ) စသည်တို့မှာ ထင်ရှားသော လူဝင်စားများပင် ဖြစ်သည်။ ထို့ပြင် မြန်မာမှာရော ကမ္ဘာမှာပါ လူဝင်စား သက်သေပြစရာများ အများ အပြားပင် ရှိပေလိမ့်မည်။

အထက်ပါ သက်သေများ ဝတ္ထုများ၌ မျောက်၊ မွေးလယ်ပုစွန်လုံး ဖြစ်ခဲ့သည်ဟု ပြောသူတို့မှာ အများက သင်ပေး၍လည်းကောင်း၊တစ်ပုံတစ်ရာမျှော်ကိုး၍လည်းကောင်း ပြောသည်ဟု စွပ်စွဲရန်မှာအကြောင်းမရှိပေ၊ မိမိတို့တွေ့ကြုံခဲ့သည်ကို မှတ်မိသည့်အတိုင်း ပြောကြသည်ဟူ၍သာ ယုံကြည့်ထိုက်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တမလွန်ဘဝရှိကြောင်းကို သိစေရန် ဉာဏ်ထူးနှင့်ပြည့်စုံအောင် အားမထုတ်နိုင်သူတို့သည် ထိုသို့သော အကြောင်းအရာတို့ဖြင့် သိသာနိုင်ပေသည်။ ထို့ပြင် သူများနှင့် အလုပ်အကိုင်ချင်း တူပါလျက် အချို့မှာ အကျိုးပေးထူးချွန်ပြီး အချို့မှာ အလွန်ညံ့ဖျင်းခြင်း၊ အချို့မှာ ဉာဏ်သူးချွန်ခြင်း၊ အချို့မှာ မိဘမျိုးရိုးနှင့် မတူဘဲ စိတ်နေစိတ်ထား မလေ့ဝါသနာ အလွန် ကွဲပြားနေခြင်း စသည်တို့ကို တွေ့ရ၏။ ၎င်းတို့မှာ ရှေးဘဝကကံ၊ ဉာဏ်အလေ့စသည်ကြောင့် ဖြစ်သည်ဟု ဗုဒ္ဓဘုရားဟောကဆိုထား၏။ သို့ဖြစ်၍ ၎င်းတို့ကို ထောက်ဆသောအားဖြင့်လည်း ရှေးဘဝ၊ နောင် တမလွန်ဘဝရှိကြောင်း ယုံကြည်အပ်ပေသည်။

## ‘ပါယာသိမြို့စားနှင့် တမလွန်ဘဝ ရှိ/မရှိပြဿနာ’

တမလွန်ဘဝ ရှိ/မရှိ ပြဿနာနှင့် ပတ်သက်၍ အရှင်ကုမာရ ကဿပမထေရ်နှင့် ပါယာသိမြို့စားတို့ အချီအချ ဆွေးနွေးပုံအကြောင်းကို တင်ပြပါဦးမည်။

အခါတစ်ပါး၌ အရှင်ကုမာရကဿပမထေရ်သည် များစွာသော ရဟန်းတို့နှင့်အတူ ကောသလတိုင်း အတွင်းရှိ သေတဗျမြို့၏ မြောက်ဘက် ယင်းတိုက်တော၌ သီတင်းသုံးတော်မူခဲ့ကဖြစ်၏။ ထိုမြို့ကို အပိုင်စားရထားသော မင်းကားပါယာသိရာဇညမင်းတည်း။ ထိုမင်း၏ အယူဝါဒကား တမလွန်ဘဝသည်မရှိ၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးသည် မရှိဟူသော အယူဝါဒပင် ဖြစ်၏။



တစ်နေ့သောအခါ သေတဗျမြို့သူမြို့သားတို့၏ အလယ်၌ အချင်းတို့၊ ရဟန်းဂေါတမ၏ တပည့် အရှင်ကုမာရ ကဿပသည် ဆန်းကြယ်သော တရားစကားကို ဆိုတတ်၏။ ရဟန္တာလည်း ဖြစ်၏။ ငါတို့သွား၍ ဖူးမြော်ရလျှင် ကောင်းလိမ့်မည်ဟု ပြောဆိုကြလေ၏။

ယင်းသို့ ပြောဆိုကြပြီးနောက် မကြာမီမှာပင် မြို့သူမြို့သားတို့သည် ယင်းတိုက်တောရှိ ရှင်ကုမာရ ကဿပထံသို့ သွားကြလေရာ များစွာသော လူထုကြီးကို ပါယာသိမြို့စားသည် မြင်တော်မူ၍ အမတ်အား ဤ လူစုလူဝေးကြီးသည် ယင်းတိုက်တောဆီသို့ အဘယ်ကြောင့် သွားကြသနည်းဟု မေးမြန်းလေရာ ရဟန်းဂေါတမ၏တပည့် အရှင်ကုမာရ ကဿပသည် ယင်းတိုက်တော၌ ရောက်နေ၍ ဖူးမြင်ရန် သွားကြကြောင်းကို အမတ်သည် ဖြေကြားလေ၏။

ထိုအခါ မြို့စားကြီး၏ စိတ်သန္တာန်၌ တမလွန်ဘဝသည် ရှိ၏။ သေ၍တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါသည် ရှိ၏။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးသည်ရှိ၏ဟု အရှင်ကုမာရကဿပသည် မလိမ္မာကုန်သော သေတဗျ မြို့သူမြို့သားတို့ကို ဟောကြားပေတော့မည်ဟူသောအကြံအစည် ဖြစ်ပေါ်လာသဖြင့် တရား မဟောကြားသေးမီ အလျင်ဆောစွာ အမတ်နှင့်အတူသွားရောက်ပြီး ပြဿနာအဖြေတို့ကို အရှင်ကုမာရ ကဿပအား မေးမြန်းလေသည်။

အမေး (၁)။ အရှင်ကုမာရကဿပ၊ ကျွန်ုပ်သည် ဤဘဝမှ အခြားသွားရာ တမလွန်ဘဝသည် မရှိဟူ၍ လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သေ၍တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါသည် မရှိဟူ၍လည်းကောင်း၊ ကောင်းမှုကံမကောင်းမှုကံတို့၏အကျိုးသည်မရှိဟူ၍လည်းကောင်းအယူရှိပါ၏ဟုလျှောက်လေ၏။

အဖြေ(၁)။ ဒါယကာမြို့စား၊ ငါသည် သင်ကဲ့သို့ အယူဝါဒရှိသူကို မြင်လည်းမမြင်ဖူး၊ ကြားလည်းမကြားခဲ့ဖူးပါ၊ သင့်ကိုပင်ပြန်၍ မေးဦးအံ့။ သဘောကျသည့်အတိုင်း ဖြေလော့။ ဤမျက်မြင်ဖြစ်သည့် လ,နေတို့သည် ဤလောကဌ် ဖြစ်ကုန်သလော၊ တစ်ပါးသောလောကဌ် ဖြစ်ကုန်သလော၊ နတ်တို့လော၊ လူတို့လောဟု မေးတော်မူလေ၏။ ပါယာသိမြို့စားသည် အရှင်ဘုရား၊ ဤလ၊နေတို့သည် တစ်ပါးသောလောကဌ်ဖြစ်ကုန်၏။ ဤလောကဌ်မဖြစ်ကုန်၊နတ်တို့ဖြစ်ပါကုန်၏။ လူတို့မဟုတ်ပါကုန်ဟု ဖြေဆိုလေ၏။ ဤသို့ဖြစ်လျှင် တမလွန်ဘဝသည်ရှိ၏၊သေ၍တစ်ဖန်ဖြစ်ပေါ်သောသတ္တဝါသည်ရှိ၏။ကောင်းမှုကံ၊မကောင်းမှုကံတို့၏အကျိုးသည်ရှိ၏ဟူသော အယူကို လက်ခံပါလောဟု မိန့်တော်မူ၏။

အမေး(၂)။ ။အရှင်ကုမာရကဿပ၊ ဤဥပမာအားဖြင့် ကျွန်ုပ်၏အယူဝါဒကို မစွန့်လွှတ်နိုင်သေးပါ။ အရှင်ကုမာရကဿပ၊ ဤမျှသာ မဟုတ်သေးပါ။ အယူဝါဒဖြစ်ခြင်း၏ အကြောင်းတစ်ခု ရှိပါသေးသည်။ ထိုအကြောင်းကား ကျွန်ုပ်၏ မိတ်ဆွေများထဲမှ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်းစသော ဒုစရိုက်ဆယ်ပါးကို ကျူးလွန်ခဲ့သူ တစ်ဦးဦးထံသို့ သေခါနီးသောအခါ သွား၍ မိတ်ဆွေ၊ ဒုစရိုက်ကျူးလွန်သူတို့ သေလွန်လျှင် ငရဲကျသည်ဟု ပြော



ကြပါ၏။ ထိုစကားမှန်လျှင် ဒုစရိုက်ကျူးလွန်ခဲ့သည့် သင်သည် သေလျှင် ငရဲကျလတ္တံ့။ သင်ငရဲကျလျှင် တမလွန်ဘဝ ရှိကြောင်းကို ငါ့အားလာ၍ ပြောကြားပါလောဟု မှာကြားလိုက်ပါ၏။ ထိုသူသည် ကောင်းပါပြီဟု ဝန်ခံ၍ သွားသော်လည်း လာ၍မပြောပါ၊ တမန်ကိုလည်းမစေပါ။ ထို့ကြောင့် တမလွန်ဘဝ မရှိဟူသော အယူသည် ဖြစ်မြဲတိုင်းပင်လျှင် ဖြစ်လျက်ရှိပါ၏။

အဖြေ(၂)။ ။ဒါယကာမြို့စား၊ ခိုးသူကို မိသောအခါ ချည်နှောင်ကာ ရိုက်နှက်၍ သုသာန်၌ ဦးခေါင်းကိုဖြတ်လေလောဟု အမိန့်ပေးအပ်သည်ရှိသော် သုသာန်သို့ ရောက်သောအခါ ခိုးသူက ခေတ္တခဏဆိုင်းပါဦး၊ဤမည်သော ရွာ၌ ကျွန်ုပ်၏ ဆွေမျိုးများထံ မိမိကိုယ်ကိုလည်းကောင်း၊ သိမ်းဆည်းထားခဲ့သော ဘဏ္ဍာကိုလည်းကောင်း ပြသအပ်နှံကာ ပြန်လာခဲ့ပါအံ့ဟု ဆိုငြားအံ့၊ ဆိုင်းငံ့ကြပါသေးသလားဟု မေးတော်မူရာ အရှင်မြတ်ဘုရား၊ မဆိုင်းငံ့ကြပါ၊ ပြောဆိုစဉ်ပင် ဦးခေါင်းကို ဖြတ်ကြပါတော့၏ဟုလျှောက်လေ၏။ ဒါယကာမြို့စား၊ လူအချင်းချင်း ဖြစ်ပါလျက် မဆိုင်းငံ့ကြပါလျှင် ငရဲသားကို ငရဲထိန်းတို့သည် အဘယ်မှာ ဆိုင်းငံ့ကြပါကုန်အံ့နည်း။ ထို့ကြောင့် တမလွန်ဘဝရှိ၏ ဟူသော အယူကို လက်ခံပါလောဟု မိန့်တော်မူ၏။

အမေး(၃)။ ။အရှင်ကုမာရ ကဿပ၊ ဤ ဥပမာဖြင့် ကျွန်ုပ်၏ အယူဝါဒကို မစွန့်လွှတ်နိုင်သေးပါ။ ဤမျှသာ မဟုတ်သေးပါ။ အယူဝါဒ ဖြစ်ခြင်း၏ အကြောင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေးသည်။ ထိုအကြောင်းကား ကျွန်ုပ်၏မိခင် ဆွေမျိုးများထဲမှ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း အစရှိသော ဒုစရိုက်ဆယ်ပါးတို့ကို ရှောင်ကြဉ်သူတို့ထံသို့ သေလွန်ခါနီးတွင် ချဉ်းကပ်၍ မိတ်ဆွေ၊ ဒုစရိုက်မှ ရှောင်ကြဉ်သူသည် သေလွန်လျှင် နတ်ပြည်သို့ရောက်သည်ဟု ဆိုကြ၏။ထိုစကား မှန်လျှင် ဒုစရိုက်မှရှောင်ကြဉ်ခဲ့သည့် သင်သည် သေလွန်က နတ်ပြည်သို့ ရောက်ရအံ့၊ သင် နတ်ပြည်ရောက်လျှင် တမလွန်ဘဝ ရှိကြောင်းကို ငါ့အားလာ၍ ပြောကြားပါလော့ဟု မှာလိုက်၏။ ထိုသူသည် ကောင်းပါပြီဟု ဝန်ခံ၍သွားသော်လည်း လာ၍မပြောပါ။ တမန်ကိုလည်း မစေပါ။ ထို့ကြောင့် တမလွန်ဘဝ မရှိဟူသော အယူသည် ဖြစ်မြဲ တိုင်းပင် ဖြစ်လျက်ရှိပါ၏။

အဖြေ(၃)။ ။ဒါယကာမြို့စား၊ သင့်ကိုပင် ဥပမာဖြင့် ပြန်၍မေးဦးအံ့။ မစင်တွင်းမှ နစ်မြုပ်နေသူကို မစင်တွင်းမှ ဆွတ်စေ၍ ရေချိုးကာ နံ့သာ လိမ်းကျံစေပြီးလျှင် အဝတ်ကောင်းကိုဝတ်စေလျက် ပြာသာဒ်ထက်သို့တက်စေ၍ ကာမဂုဏ် ငါးပါးဖြင့် ကျေနပ်စွာ လုပ်ကျွေးစေအံ့၊ ထိုသူသည် တစ်ဖန် မစင်တွင်းသို့ ပြန်၍ နစ်မြုပ်ချင်ပါဦးမည်လော။

အရှင်ဘုရား၊ နစ်မြုပ်ချင်မည် မဟုတ်ပါ။ စင်စစ်သော်ကား မစင်တွင်းဆိုသည်မှာ ရွံရှာဖွယ်အနံ့ဆိုး ရှိပါ၏။

ဒါယကာမြို့စား၊ ဤအတူပင် လူတို့၏ကိုယ်နံ့သည် နတ်တို့၏အမြင်အားဖြင့် ရွံရှာဖွယ်ရာဖြစ်၏။ နံစော်၏။ယူဇနာ ထောင်ချီကပင် လူ့အနံ့သည်နတ်တို့ကိုနှိပ်စက်နိုင်၏။ဒုစရိုက်မှ



ရှောင်ရှားခဲ့သည့်ထိုနတ်သားသည်အဘယ်မှာသင့်ထံလာ၍ ပြောကြားနိုင်အံ့နည်း။ ထို့ကြောင့် တမလွန်ဘဝ ရှိ၏ဟူသော အယူကို လက်ခံပါလောဟု မိန့်တော်မူ၏။

အမေး(၄)။ ။အရှင်ကုမာရ ကဿပ-ဤဥပမာမျှဖြင့် ကျွန်ုပ်၏ အယူဝါဒကို မစွန့်လွှတ်နိုင်သေးပါ၊အရှင်ကုမာရ ကဿပ-ဤမျှသာ မဟုတ်သေးပါ၊ အယူဝါဒဖြစ်ခြင်း၏ အကြောင်းတစ်ခုရှိပါသေးသည်။ထိုအကြောင်းကားကျွန်ုပ်၏ မိတ်ဆွေများထဲမှ ငါးပါးသီလ မြဲသူတို့ထံသို့ သေချိန်တန်ခါနီးတွင် ချဉ်းကပ်၍ မိတ်ဆွေ၊ ငါးပါးသီလမြဲသူသည် သေလွန်က တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်ဟု ပြောဆိုကြပါ၏။ ထိုစကား မှန်လျှင် ငါးပါးသီလမြဲသည့် သင်သည် သေလွန်ပါက တာဝတိံသာနတ်ပြည်၌ ဖြစ်ရလတ္တံ့။ သင် တာဝတိံသာနတ်ပြည်၌ ဖြစ်လျှင် တမလွန်ဘဝ ရှိကြောင်းကို ငါ့အား လာ၍ ပြောကြားပါလော-ဟု မှာကြားလိုက်ပါ၏။

ထိုသူသည် ကောင်းပါပြီဟု ဝန်ခံ၍ သွားသော်လည်း လာ၍ မပြောပါ။ ထို့ကြောင့် တမလွန်ဘဝ မရှိဟူသော အယူသည် ဖြစ်မြဲတိုင်းပင် ဖြစ်လျက် ရှိပါ၏။

အဖြေ(၄)။ ။ဒါယကာမြို့စား-လူတို့၏အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်နေ့နှင့် တစ်ညဥ့် ဖြစ်၏။ ထိုနေ့ညဥ့် သုံးဆယ်သည်တစ်လ၊ ထိုတစ်ဆယ့်နှစ်လသည်တစ်နှစ်၊ ထိုနှစ်ဖြင့် တာဝတိံသာ နတ်သက်သည် တစ်ထောင်ဖြစ်၍၊ ငါးပါးသီလမြဲ၍ တာဝတိံသာမှာ နတ်ဖြစ်ရသော သူတို့

www.burmeseclassic.com

www.burmeseclassic.com



သည် နှစ်ရက်, သုံးရက် နတ်စည်းစိမ်ခံစားပြီးမှ သင်မြို့စား ထံသွား၍ပြောကြားအံ့ဟု ကြံစည်စဉ်ပင်လျှင် အနှစ် နှစ်ရာ သုံးရာ လွန်ရှာပြီ ဖြစ်၍ လာပြောခြင်းသည် ပြည့်စုံပါတော့ မည်လော။

အရှင်ဘုရား၊ လာပြောခဲ့လျှင် ကျွန်ုပ်တို့သေလွန်၍ အမှီး ဆွေးမှ လာပြောခြင်း ဖြစ်ပါပြီဟူ၍ လျှောက်လေ၏။

အရှင်ကုမာရကဿပသည် ယခု ပြဆိုခဲ့သည့် ဥပမာ လေးမျိုးအပြင် ကျန်ရှိသေးသော ဥပမာ ၁၅-မျိုးတို့ဖြင့် လည်း တမလွန်ဘဝရှိကြောင်းကို ပါယာသိ မြို့စားအား ဖြေရှင်းဟောကြားတော်မူလေသည်။ ၁၅-မျိုးသော အမေး ပုစ္ဆာ ပြဿနာတို့ကို ဥပမာ အရပ်ရပ်တို့ဖြင့် ဖြေရှင်းကာ ဟောကြားပြီးသည်နှင့်အဆုံး၌ပါယာသိမြို့စားက လျှောက် ထားသည်မှာ (တပည့်တော်သည် အရှင်ဘုရား ရှေးဦးစွာ ဖြေကြားသော လနှင့်နေ ဥပမာဖြင့်ပင် နှစ်သက်စွာလက်ခံ ပါ၏။ သို့သော်လည်း အရှင်၏ ဆန်းကြယ်သော အမေး အဖြေတို့ကို ကြားနာလိုသည်ဖြစ်၍သာ ဆန့်ကျင်ဘက် ပြုမိ ပါသည်။ အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက် ဖွယ်ရှိပါပေ၏။ ဥပမာသော်ကား မှောက်၍ထားသော အိုး ကို လှန်၍ ပြသကဲ့သို့ လည်းကောင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ပြသကဲ့သို့လည်းကောင်း၊ မျက်စိလည်နေသောသူကို လမ်းမှန်သို့ ရောက်အောင် ညွှန်ပြသကဲ့သို့ လည်းကောင်း၊ ဤအတူ အရှင်သည် များစွာသော ဥပမာ အကြောင်းအရာ တို့ဖြင့် တရားတော်ကို ပြတော်မူ၏။ ကျွန်ုပ်သည် အရှင် ဂေါတမကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ် ပါ၏။



ကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ရတနာသုံးပါး ကို ဆည်းကပ်သောဥပါသကာဟူ၍ မှတ်တော်မူပါဘုရားဟု လျှောက်ထားပြီးလျှင် တမလွန်ဘဝသည်ရှိ၏။ သေ၍တစ်ဖန် ဖြစ်ပေါ်သော သတ္တဝါသည်ရှိ၏။ ကောင်းမှုကံ၊ မကောင်း မှုကံတို့၏အကျိုးသည်ရှိ၏ဟူသော အယူဝါဒကိုယုံကြည်စွာ လက်ခံတော်မူလေပြီ။ အထက်ပါ ဒေသနာတော်အရ တမ လွန်ဘဝ မရှိဟု အယူဝါဒ ရှိကြသူ လူသားတို့သည်လည်း ပါယာသိမြို့စား၏ စံပြုဖွယ် ဖြစ်ရပ်ကို ရင်ဝယ်ပိုက်၍ ရတနာသုံးပါးအပေါ်၌ ကြည်ညိုသက်ဝင်လာပြီး တမလွန် ဘဝရှိ၏ဟူသော အယူဝါဒကို ယုံကြည်စွာ လက်ခံလာနိုင် ကြပါစေသားဟူ၍ ဆန္ဒပြုလိုက်ရပါသတည်း။

(ဒီဃနိကာယ-မဟာဝဂ္ဂ-ပါယာသိ ရာဇည သုတ်)

မင်းဘူး-မျိုးသက်အောင်

www.burmeseclassic.com